# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက် ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၁၅ ရက်၊ အင်္ဂါနေ့ အတွဲ (၆၄)၊ အမှတ်(၂၈၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့်ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


ယနေ့ ဖတ် စ ရာ

**အာဇာနည်ခေါင်းဆောင်ကြီးများကို ကျေးဇူးဆပ်သောအားဖြင့် . . .**

ဆောင်းပါး စာ ၆



**ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅)သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ကျင်းပပြုလုပ်**

ပြည်တွင်းသတင်း စာ ၈

**စာပေထဲက အတွေးအမြင်**

ဆောင်းပါး စာ ၁၀




## ပွင့်ဖြူမြို့နယ်၌ မိုးကြိုပဲတီစိမ်း ဧက ၃၁၀၀ အထိ ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၉ ဒသမ ၁၂ တင်းနှုန်း ထွက်ရှိ

ပွင့်ဖြူ ဇူလိုင် ၁၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးကြိုကာလတွင် စိုက်ပျိုးထားသော မိုးကြိုပဲတီစိမ်းဧက ၃၁၀၀ အထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၁၂ တင်းနှုန်း ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးကြိုကာလတွင် မိုးကြိုပဲတီစိမ်း ၆၃၉၁ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇူလိုင်လ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့အထိ ဧက ၃၁၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၁၂ တင်း ထွက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖




## ကုန်းတွင်းမုန်တိုင်းငယ် အိန္ဒိယနိုင်ငံ အနောက် ဘင်္ဂလားပြည်နယ်ကို ဆက်လက်ဖြတ်ကျော်နိုင်

နေပြည်တော် ဇူလိုင် ၁၄

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက် ဘင်္ဂလားပြည်နယ်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် ပိုမိုအားကောင်းလာပြီး ကုန်းတွင်းမုန်တိုင်းငယ် (Land Depression) အဖြစ်သို့ ရောက်ရှိခဲ့ကာ နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့္ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**ရုရှားဖက်ဒရေးရှင်းနိုင်ငံက အိန္ဒိယနိုင်ငံ မွမ်ဘိုင်းဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ချိတ်ဆက်၍ ကုန်သွယ်မှုလမ်းကြောင်းသစ်တိုးချဲ့ရေး၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရေးဆွေးနွေး**

နေပြည်တော် ဇူလိုင် ၁၄

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့ (Fund RC– Investments) ၏ ညွှန်ကြားရေးမှူး Alexander Sergeevich Shatirov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ လက်ခံတွေ့ဆုံသည်။**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ (Fund RC– Investments) ၏ ညွှန်ကြားရေးမှူး Alexander Sergeevich Shatirov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ်ရုရှားဖက်ဒရေးရှင်းနိုင်ငံက အိန္ဒိယနိုင်ငံ မွမ်ဘိုင်းဆိပ်ကမ်းမှ ရန်ကုန်ဆိပ်ကမ်းသို့ချိတ်ဆက်၍ ကုန်သွယ်မှုလမ်းကြောင်းသစ် တိုးချဲ့ရေး၊ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရေး၊ အရည်အသွေးကောင်းမွန်သော သဘာဝမြေသြဇာများ တင်သွင်းရေး၊ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်မှုများ မြှင့်တင်ဆောင်ရွက်ရေး၊ ငလျင်ဒဏ်ခံနိုင်သော ဆောက်လုပ်ရေး နည်းပညာများ မျှဝေရေးနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများအပေါ် နှစ်ဖက်အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဘာသာရပ်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

"ဒီနှစ် မိုးကြိုကာလမှာ ပွင့်ဖြူမြို့နယ်အတွင်း မိုးကြိုပဲတီစိမ်း ၆၃၉၁ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲတီစိမ်းစိုက်ခင်းတွေကို ဇူလိုင်လ ပထမပတ်ကစပြီး ရိတ်သိမ်းနေကြပါတယ်။ ဒီနေ့အထိ ဧက ၃၁၀၀ ရိတ်သိမ်းပြီးစီးသွားပြီ ဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးကြဖို့၊ ဒေသနဲ့ကိုက်ညီတဲ့ အထွက်နှုန်းကောင်းမျိုးတွေကို စိုက်ပျိုးကြဖို့ ပညာပေးတာတွေ ဆောင်ရွက်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောကြားသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပဲတီစိမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ မြေသြဇာနှင့် စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲရေး၊ သီးနှံအချိန်မီ ရိတ်သိမ်းနိုင်ရေးနှင့် ရိတ်သိမ်းပြီး သီးနှံများ အရည်အသွေးကောင်းမွန်အောင် စနစ်တကျ သိုလှောင်သိမ်းဆည်းရေးစသည့် စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို တောင်သူများနှင့် ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန်၌ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အရာထမ်းများနှင့် အမှုထမ်းများက မင်္ဂလာကန်အတွင်းသို့ ကြီးထွားနှုန်းမြန်ဆန်သည့် ငါးခုံးမနှင့် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၂၀၀၀၀ ကျော် စိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။ (ယာပုံ)

သတင်းစဉ်




# အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆ - ၂၀၃၀) ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြင်ဆင်ဆောင်ရွက်သွားရမည်

**နေပြည်တော် ဇူလိုင် ၁၄**

အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီ၏ (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်-၃ ၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေး ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရုံးဝန်ကြီးဌာန-၃ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်တင့်၊ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားပို့ကုန်မဟာဗျူဟာ ကဏ္ဍအလိုက် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌများ၊ သက်ဆိုင်ရာအစိုးရဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



**တာဝန်ယူပံ့ပိုးဆောင်ရွက်ပေး**

အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ငလျင်ကြောင့် ရုံးများ၊ လူနေအိမ်အဆောက်အအုံများ၊ လမ်းများ၊ တံတားများပြိုကျခဲ့ရပြီး အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ စက်ရုံ အလုပ်ရုံများ၊ စီးပွားရေးလုပ်ငန်းကြီးများ ထိခိုက်ပျက်စီးခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြီးခဲ့သည့်မေလက ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲကို ကျင်းပခဲ့ကြကြောင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ပုံမှန်ပြန်လည်လည်ပတ်လာနိုင်ရန် သက်ဆိုင်ရာ ကဏ္ဍများအလိုက် တာဝန်ယူပံ့ပိုးဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

**ပြင်ဆင်ဆောင်ရွက်သွားရမည်**

အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ဆောင်ရွက်ရန်ရွေးချယ်ထားသော ကဏ္ဍများအလိုက် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခြင်းနှင့်အတူ ကဏ္ဍများအတွင်းရှိ MSME လုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် ပံ့ပိုးပေးသွားရန်ဖြစ်ပါကြောင်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) အကောင်အထည်ဖော်မှုကာလ ပြီးဆုံးတော့မည်ဖြစ်သည့်အတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆-၂၀၃၀) ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သဘာဝဘေး ကြုံတွေ့ရမှုများကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး ပို့ကုန်တိုးမြှင့်တင်ပို့ရေးကို ဆက်လက်မြှင့်တင်ဆောင်ရွက်ကြရန်နှင့် တွေ့ကြုံရသည့် အခက်အခဲများအပေါ် လိုအပ်သလို ပေါင်းစပ်ဖြေရှင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ကော်မတီ၏ (၁/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို အကျဉ်းချုပ်ရှင်းလင်းတင်ပြသည်။

**ဖြည့်စွက်ဆွေးနွေး**

ဆက်လက်၍ အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိက ပို့ကုန်မြှင့်တင်ရေးကော်မတီအဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌများက ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တောင်ဥက္ကလာပမြို့နယ်၌ ခရိုင်အဆင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ခရိုင်အဆင့်မြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် ခရိုင်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မီးဘေးလုံခြုံရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မိုးထိုက်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။



သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သဃ်န်းကျွန်းခရိုင် မြို့နယ်များမှ ပရဟိတအသင်းအဖွဲ့များမှ သင်တန်းသား ၅၀ တို့ဖြင့် ဇူလိုင် ၁၄ ရက်မှ ၂၅ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**နိုင်ငံအဝန်း သစ်တောစိမ်းဖြင့် စိမ်းလန်းစေရမည်။**

# အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့က အသိပညာပေးလုပ်ငန်းများဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၄**

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ ခရိုင်အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမော်ဦးဆောင်၍ အမှတ်(၅၈) ရပ်ကွက်အမှတ်(၈)အလယ်တန်းကျောင်း(ခွဲ) နှင့် အမှတ်(၈၈) ရပ်ကွက်၊ အမှတ်(၂) မူလတန်း(လွန်)ကျောင်းတို့ရှိ ကျောင်းပြင်ပပညာရေးစခန်းတို့တွင် ဇူလိုင် ၁၁ ရက်က ဗလာစာအုပ်နှင့် သွားတိုက်တံများ လှူဒါန်းခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်သည်။



ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန (သွားဘက်ဆိုင်ရာ)မှ ဦးစီးအရာရှိ ဒေါက်တာဝင်းမင်းဖြိုးနှင့် အဖွဲ့မှ သွားကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး အသိပညာပေး ဟောပြောပြီး မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး၊ သန့်ရှင်းရေးဌာနမှ တာဝန်ခံ ဦးစောလှမင်းနှင့်အဖွဲ့က သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန်အတွက် အမှိုက်ခြောက်၊ အမှိုက်စို၊ အန္တရာယ်ရှိသော အမှိုက်နှင့် ပလတ်စတစ်အမှိုက်များကို သတ်မှတ်အမှိုက်ပုံးများအတွင်းသို့ စနစ်တကျ စွန့်ပစ်စေရေး သရုပ်ပြအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဖြိုးစန္ဒာ(ပြန်/ဆက်)

# တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို

တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ဝန်ကြီးဌာနများ၌ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားများ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

စက်မှုဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ရုံးအမှတ်(၃၀) ပရဝဏ်အတွင်းရှိ လျှိုပိတ်ဆည်၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး လျှိုပိတ်ဆည်အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်း၊ ငါးကျည်း၊ ထိုင်းငါးခုံးမစသည့် ငါးသားပေါက် ကောင်ရေ ၁၅၀၀၀ ကို စိုက်ထည့်ပေးကြသည်။ (ယာပုံ)

ထို့အတူ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ပရဝဏ်အတွင်းရှိ တစ်ဖက်ပိတ်ဆည်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးနှင့် ဇနီး၊





ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ငါးလုပ်ငန်းဦးစီးဌာနမှပံ့ပိုးသည့် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၅၀၀၀ ကို စိုက်ထည့်ပေးခဲ့သည်။

အလားတူ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပရဝဏ်အတွင်းရှိ လျှိုပိတ်ဆည်၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ငါးလုပ်ငန်းဦးစီးဌာနမှ ပံ့ပိုးပေးသော ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ တစ်သောင်းကို စိုက်ထည့်ပေးကြသည်။ (ဝဲပုံ)

သတင်းစဉ်

### မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

## ဒုတိယဝန်ကြီး ဦးအေးကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နယူးဒေလီမြို့၌ ဆဋ္ဌမအကြိမ်မြောက် လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲဦးဆောင်ကော်မတီ အစည်းအဝေးတက်ရောက်

**နေပြည်တော် ဇူလိုင် ၁၄**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ဇူလိုင်၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ်မြောက် မြန်မာ-အိန္ဒိယ လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲဦးဆောင်ကော်မတီ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၉ ရက် မွန်းလွဲပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံအစိုးရ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အိမ်ရာနှင့် မြို့ပြရေးရာဝန်ကြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် H.E. Shri Manohar Lal ၏ ဖိတ်ကြားချက်အရ နှစ်နိုင်ငံ လျှပ်စစ်ကဏ္ဍ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ကိုယ်စားလှယ် အဖွဲ့သည် မြန်မာ - အိန္ဒိယ လျှပ်စစ်ကဏ္ဍ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ သတ္တမအကြိမ်မြောက် ပူးတွဲလုပ်ငန်း အဖွဲ့အစည်းအဝေးနှင့် ဆဋ္ဌမအကြိမ်မြောက် ပူးတွဲဦးဆောင်ကော်မတီအစည်းအဝေးတို့သို့ တက်ရောက်ခြင်း၊ မြန်မာ-အိန္ဒိယ နယ်စပ်ဖြတ်ကျော် ဗို့အားမြင့် ဓာတ်အားလိုင်း စီမံကိန်းဆိုင်ရာ စီမံကိန်းအသေးစိတ် အစီရင်ခံစာပြုစုခြင်း သဘောတူညီချက် (Agreement for preparation of Detailed Project Report– DPR) လက်မှတ်ရေးထိုးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။



ထို့ပြင် အဆိုပါခရီးစဉ်အတွင်း ဒုတိယဝန်ကြီး ဦးဆောင်သော အဖွဲ့သည် ဇူလိုင် ၁၀ ရက်တွင် နယူးဒေလီရှိ Power Grid Cooperation ၏ National Control Center ကိုလည်းကောင်း၊ ဇူလိုင် ၁၁ ရက်တွင် နိုက်ဒါရှိ National Thermal Power Cooperation ၏ Technical Research and Training Center နှင့် Solar Hybrid Farm ကို လည်းကောင်း၊ ဇူလိုင် ၁၂ ရက်တွင် အာဂရာရှိ Power Grid Cooperation ၏ ၈၀၀ ကေဗွီ၊ High Voltage Direct Current (HVDC) ဓာတ်အားခွဲရုံကို လည်းကောင်း သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အာဇာနည်ခေါင်းဆောင်ကြီးများကို ကျေးဇူးဆပ်သောအားဖြင့် . . .

**ကိုရေချမ်း**

**“ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် အာဇာနည်ခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးကို အသက်နှင့်လဲပေးဆပ်ကာ ရယူပေးခဲ့ကြသည်။ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်သည့် လွတ်လပ်သောနိုင်ငံအဖြစ် တင့်တယ်စွာ ရပ်တည်နိုင်အောင် လမ်းညွှန်ပြသပေးခဲ့သည်။ တိုင်းပြည်အတွက် အသက်ပေးဆပ်ခဲ့သည့် အာဇာနည်ခေါင်းဆောင်ကြီးများကို ဝမ်းနည်းပူဆွေး သတိရတမ်းတလာခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ အချိန်ကာလ ရွေ့လျောလာသည်နှင့်အမျှ ဗိုလ်ချုပ်တို့ကို သတိရစိတ် ပျောက်ပျက်မသွားသော်လည်း မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်၊ ကာကွယ်လိုစိတ်နှင့် စည်းလုံးမှုစိတ်တို့ လျော့ပါးသွားသည်ဟု ဆိုနိုင်သည်။အသက်စွန့်ပေးဆပ်ခဲ့သော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးတရားများကို ထောက်ထားသော အားဖြင့် ကျွန်ုပ်တို့အားလုံးသည် လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် ကာကွယ်ရေးအတွက် မမေ့မလျော့၊ ဇွဲမာန်အပြည့်ရှိကြရမည် ”**

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်၊ စနေနေ့။

ထိုနေ့သည် အကြမ်းဖက်သမားများ၏ လက်ချက်ဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းပြည်ခေါင်းဆောင်များ နိုင်ငံအတွက် အသက်စွန့်လွှတ်ခဲ့ရသည့် ဝမ်းနည်းဖွယ်နေ့ဖြစ်သည်။ စာရေးဆရာကြီး ဒဂုန်တာရာ၏ **“ဦးအောင်ဆန်း၏ နောက်ဆုံးနေ့”** စာအုပ်တွင် ဗိုလ်ချုပ်တို့ လုပ်ကြံခံရမှုနှင့် ပတ်သက်၍ ပြည်သူလူထု ယူကျုံးမရ တသသဖြစ်ရပုံများကို ကြေကွဲဝမ်းနည်းဖွယ် ဖော်ပြထားသည်။ တိုင်းပြည်အတွက် ပြန်လည်မရနိုင်တော့သော အစားထိုးမရသည့် ဆုံးရှုံးမှုကြီးဖြစ်သည်။ မြန်မာနိုင်ငံသမိုင်းတွင် သင်ခန်းစာယူစရာများ ဖြစ်သည်။

ဦးအောင်ဆန်း၏ နောက်ဆုံးနေ့စာအုပ်တွင် “ဇော်ဂျီသည် ကျွန်တော်ဝင်လာသည်ကို မြင်သောအခါ ဆိတ်ဆိတ်ပင်။ စကားမျှ မမြွက်ဟဘဲ ထိုင်ရန်ကုလားထိုင်ကိုသာ လက်ဖြင့်ညွှန်ပြသည်။ သူသည် ငေးငိုင်၍နေသည်။ အတန်ကြာတိတ်ဆိတ်လျက်ရှိသည်။ ကျွန်တော်ကား ခါတိုင်းလှုပ်ရှားဆူညံ၍ နေတတ်သော အတွင်းဝန်များရုံးသည် ဘာကြောင့် အခုလို အုံ့မှိုင်းရီဝေ၍ နေသည်။ ဆိတ်ငြိမ်၍နေသည်ကို အံ့ဩလျက်ရှိသည်။ အတန်ကြာ ဆိတ်နေရာမှ အားလုံးတော့ ဒုက္ခဖြစ်ကုန်ပြီဟု ဇော်ဂျီက တိုးတိုးညီးလေသည်။ ထို့နောက် ဇော်ဂျီက ဖြစ်ပျက်ပုံကို ပြောပြသည်။ ကျွန်တော်မရောက်မီ တစ်နာရီကျော်ကျော်ခန့်ဖြစ်သည်။”

### အမျိုးသားပျက်စီးခြင်း

“ကျွန်တော်သည် သတင်းကို ကြားသိရသည့်အခါ ထိတ်လန့်တုန်လှုပ်၍သွားသည်။ အသားများ တဆတ်ဆတ် တုန်၍လာသည်။ အင်မတန်နှမြောဖို့ကောင်းတယ်ဗျာ၊ သိပ်ပြီး ရက်စက်ကြမ်းကြုတ်တဲ့ နိုင်ငံရေးလုပ်ကြံမှုပဲ စသည်ဖြင့်လူတချို့ကညည်းတွားလျက်ရှိကြသည်။ ဇော်ဂျီက အမျိုးသားပျက်စီးခြင်း တစ်ရပ်ပဲဟု တသသပြောသည်။ လူတွေက မပြောရက်ကြဘူးဟု ဇော်ဂျီက ဆိုလေသည်။ ဆေးရုံမှ ပြန်လာသော ရုံးသားတစ်ဦး အပါးကပ်လာ၍ ဘယ်နဲ့လဲဟု ကျွန်တော်တို့က ဝိုင်းဝန်းမေးမြန်းကြသည်။ သူက မိုင်းပွန်စော်ဘွားကြီးမှတစ်ပါး အားလုံးဆုံးရှာပြီဟု ပြောသည်။ သူသည် အသံတုန်နေ၍ မျက်နှာမှာဖြူဖတ်ဖြူရော်ဖြစ်နေသည်။

“အပြင်ဘက်လမ်းသို့ ထွက်ခဲ့သည်။ ဒေါင်းတံဆိပ်ကားကို တက်စီးလိုက်သည်။ ကားထဲတွင် လူမနည်းလှပေ။ ခရီးသည်အားလုံး မျက်စိမျက်နှာမကောင်းကြ။ ခပ်ရွယ်ရွယ် မိန်းမပျိုတစ်ဦးက ဖြစ်မှ ဖြစ်ရလေနော်၊ ဖြစ်မှဖြစ်ရလေနော်ဟု မြည်တမ်းလျက်ရှိသည်။ ဈေးသည်ဟု ထင်ရသော ခပ်အိုအို မိန်းမကြီးနှစ်ယောက်က ဗိုလ်ချုပ် အသက်ရှင်ပါစေတော်၊ ဗိုလ်ချုပ် အသက်ရှင်ပါစေတော် ဆုတောင်း၍ နေကြသည်။ ယခုမှပင်သိရသော မိန်းမတစ်ယောက်က မေးမြန်းသည်ကို မပြောကြနဲ့၊ မပြောကြနဲ့ ဟု အသာလက်ကုပ်၍ တီးတိုးတားမြစ်သည်။ သူတို့သည် မပြောရက်ကြ။ သန့်ပြန့်စွာ ဝတ်စားထားသော တရုတ်တစ်ဦးက အားကီး ရက်စက်တာပဲ ဟု ကျွန်တော့်ဘက်သို့ လှည့်ပြီး ရေရွတ်လျက်ရှိသည်။ မျက်နှာတင်းတင်းနှင့် ဒရိုင်ဘာသည် တောက်ခေါက်လိုက်သည်။”

### နိုင်ငံရေးလုပ်ကြံမှု

အဆိုပါအဖြစ်အပျက်များသည် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည့် ထိုနေ့အချိန်ပိုင်းက ဆရာဒဂုန်တာရာ ကြုံတွေ့ခဲ့သည့် ပြည်သူတို့၏ ကြိတ်မနိုင်ခဲမရ ခံစားချက်အချို့ဖြစ်သည်။ ထိုသတင်းပျံ့နှံ့သွားပြီးနောက်တွင်လည်း တစ်တိုင်းပြည်လုံး ယူကျုံးမရဖြစ်ကြသည်။ မြန်မာနိုင်ငံလွတ်လပ်ရေး၊ ပြန်လည်ထူထောင်ရေးအတွက် နေ့မနား၊ ညမနား စွန့်လွှတ်အနစ်နာခံမှုများစွာနှင့် ကိုယ်ကျိုးမဖက်၊ အသက်စွန့် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားခေါင်းဆောင်များကိုမသမာသူလူသတ်သမားများက အလွယ်တကူပင် လုပ်ကြံခဲ့ကြသည်။ အာဃာတ၊ အမုန်းတရား၊ သွေးထိုးမြှောက်ပင့်ပေးမှုများနှင့် အာဏာရလိုမှုတို့ကို အကြောင်းပြု၍ ရက်စက်ကြမ်းကြုတ်သည့် နိုင်ငံရေးလုပ်ကြံမှုကြီး ဖြစ်ခဲ့သည်။

နိုင်ငံနှင့် လူမျိုးအကျိုးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံကာ လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးရန်ဆဲဆဲ အချိန်တွင် အကြမ်းဖက်သမားတို့၏ ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်မှုကြောင့် ပြည်သူတစ်ရပ်လုံး၏ မျှော်လင့်ချက်သည် “ခဲလေသမျှ သဲရေကျ” သလို ဖြစ်ခဲ့ရသည်။ တစ်တိုင်းပြည်လုံး၊ ပြည်သူလူထုတစ်ရပ်လုံး၏ ဆုံးရှုံးမှုကြီးပင်ဖြစ်သည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် စေ့စပ်ဆွေးနွေးအဖြေရှာရမည့်အစား အကြမ်းဖက်ဝါဒ၊ လူသတ်ဝါဒကို ကိုင်စွဲပြီး လက်နက်အားကိုးဖြင့် ဖြေရှင်းခဲ့ကြသည့် နယ်ချဲ့လက်ပါးစေနှင့် အပေါင်းပါတစ်စုတို့၏ လုပ်ကြံမှုကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဝန်ကြီးများသည် သမိုင်းတွင်သည့် ကြေကွဲဖွယ်ရာ အဖြစ်ဆိုးကြီးနှင့် ကြုံခဲ့သည်။

### မြန်မာ့နိုင်ငံရေးရှုပ်ထွေး

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရမှုနှင့် ပတ်သက်၍ ပါကစ္စတန်ခေါင်းဆောင်ကြီး ဂျင်းနားက **“နိုင်ငံရေး ရာဇဝတ်မှု ကျူးလွန်ရေးဝါဒကို မည်သူမျှ ထောက်ခံအားပေးလိမ့်မည် မဟုတ်ကြောင်း၊ လူသတ်ဝါဒကို ရှုတ်ချကြောင်း”** ထုတ်ပြန်ခဲ့သည်။ အိန္ဒိယကွန်ဂရက်က **“ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်အနိစ္စရောက်ခြင်းသည် မြန်မာနိုင်ငံအဖို့ ဆိုးရွားသော နစ်နာချက်ကြီးဖြစ်ရုံမက အာရှတိုက်အဖို့လည်း ကြီးလေးသော ဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်သည်။ ဤလုပ်ကြံမှုကြီးသည် ရိုးရိုးလူသတ်မှု မဟုတ်ဘဲ နိုင်ငံရေးအကြံအစည်ရှိသော လူသတ်မှုကြီးဖြစ်လေသည်။ ဤအမှုမျိုးတို့သည် ကမ္ဘာတစ်ဝန်း နိုင်ငံရေးကြိုးပမ်းမှုများ၌ တွေ့ကြုံနေကြရလေရာ ဤအခြင်းအရာသည် လူ့အပေါင်းတို့၏ နောင်ရေးအတွက် နိမိတ်မင်္ဂလာမကောင်းပေ”**ဟု ဝမ်းနည်းကြောင်း အဆိုပြုဆုံးဖြတ်ခဲ့သည်။ လန်ဒန်ထုတ် အော့ဗ်ဇားဗားသတင်းစာကြီးက **“ဗိုလ်ချုပ်အောင်ဆန်း ကွယ်လွန်သွားခြင်းကြောင့် မြန်မာ့နိုင်ငံရေး လောကကြီးတစ်ခု ရှုပ်ထွေးသွားနိုင်စရာ အကြောင်းရှိကြောင်း”** ဟု ရေးသားခဲ့သည်။

ထိုသို့သော သုံးသပ်ချက်များအတိုင်း လွတ်လပ်ရေးရပြီးနောက် မြန်မာ့နိုင်ငံရေးလောကတွင် ရှုပ်ထွေးမှုများ ဆက်လက်ကြုံတွေ့ခဲ့ရသည်။ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင် အကြမ်းဖက်နည်းလမ်းဖြင့် ဖြေရှင်းနေကြသည်မှာ ယနေ့ထက်တိုင်အောင်ပင်ဖြစ်သည်။ မြန်မာတစ်မျိုးသားလုံး ထိခိုက်နစ်နာဆုံးရှုံးစေမည့် နိုင်ငံတော်လုပ်ကြံမှုကြီး ပေါ်ပေါက်လာသည်အထိ နောက်ကွယ်မှ ကြိုးကိုင်မှု၊ သွေးထိုးမှုများရှိခဲ့သည်။ မြန်မာပြည်ကို လွတ်လပ်ရေးပေးရန် သေချာသည့်အခါ ဗမာနှင့် ရှမ်း၊ ချင်း၊ ကချင်၊ ကရင်သွေးကွဲအောင် သွေးခွဲခဲ့သည်မှာ အမှန်ပင်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပသည့် အင်္ဂလိပ်ကုန်သည်ကြီးများ နှစ်ပတ်လည်အစည်းအဝေးတွင် ဗိုလ်ချုပ်အောင်ဆန်းက **“ပြည်သူများရဲ့ အကျိုးစီးပွားအတွက် ဗမာ့စီးပွားရေး ဖွံ့ဖြိုးမှုကို ဗမာအစိုးရက တာဝန်ယူဆောင်ရွက်မယ်”** ဆိုသည့် ပြောကြားချက်သည် နယ်ချဲ့ အင်္ဂလိပ်တို့အဖို့ စိုးရိမ်ထိတ်လန့်ဖွယ်ဖြစ်ခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

### သွေးခွဲပရိယာယ်သတိပြု

ထိုသို့သော သမိုင်းကြောင်းနောက်ခံအကြောင်းများကြောင့် နောက်ဆက်တွဲဆိုးကျိုးများကို မြန်မာနိုင်ငံအနေဖြင့် ကြုံတွေ့နေရသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားခေါင်းဆောင်များ ကျဆုံးခဲ့ရသည့် အဖြစ်ဆိုးကြီးကို ပြည်သူလူထုတစ်ရပ်လုံး ယူကျုံးမရဖြစ်ခဲ့ကြသလို၊ မခံမရပ်နိုင်အောင် ဖြစ်ခဲ့ကြသလို နယ်ချဲ့လက်ပါးစေ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်လမ်းစဉ် သက်ဆိုးရှည်အောင် ပြုလုပ်လျက်ရှိသည့် ခေတ်သစ်နယ်ချဲ့စနစ်နှင့် အမျိုးသားသစ္စာဖောက်များ၏ အန္တရာယ်၊ အကျည်းတန်အရုပ်ဆိုးသည့် မြန်မာ့သမိုင်းကြောင်းမှ သင်ခန်းစာယူစရာ အဖြစ်အပျက်များကို မျက်ခြည်မပြတ်သတိကပ်၍ ကာကွယ်သွားရန်လိုသည်။ ဗိုလ်ချုပ်အောင်ဆန်း လမ်းညွှန်သည့်အတိုင်း ကိုယ့်ကြမ္မာကိုယ်ဖန်တီးပြီး လက်ဝေခံဘဝကို ရှောင်ရှားလိုသည့် မြန်မာတို့၏ စိတ်ရင်းကို နင်းချေဖျက်ဆီးလိုသော နယ်ချဲ့စနစ်ဆိုးနှင့် မြန်မာအချင်းချင်း တိုက်ခိုက်ဖျက်ဆီးသည့် သွေးခွဲပရိယာယ်ကို သတိပြုဖို့လိုသည်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့်အာဇာနည်ခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးကို အသက်နှင့် လဲပေးဆပ်ကာ ရယူပေးခဲ့ကြသည်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သည့် လွတ်လပ်သော နိုင်ငံအဖြစ် တင့်တယ်စွာ ရပ်တည်နိုင်အောင် လမ်းညွှန်ပြသပေးခဲ့သည်။ တိုင်းပြည်အတွက် အသက်ပေးဆပ်ခဲ့သည့်အာဇာနည်ခေါင်းဆောင်ကြီးများကို ဝမ်းနည်းပူဆွေး သတိရတမ်းတလာခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ အချိန်ကာလ ရွေ့လျောလာသည်နှင့်အမျှ ဗိုလ်ချုပ်တို့ကို သတိရစိတ် ပျောက်ပျက်မသွားသော်လည်း မိမိနိုင်ငံကို ချစ်မြတ်နိုးစိတ်၊ ကာကွယ်လိုစိတ်နှင့် စည်းလုံးမှုစိတ်တို့ လျော့ပါးသွားသည်ဟု ဆိုနိုင်သည်။ အသက်စွန့်ပေးဆပ်ခဲ့သော အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးတရားများကို ထောက်ထားသောအားဖြင့် ကျွန်ုပ်တို့အားလုံးသည် လွတ်လပ်ရေး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် ကာကွယ်ရေးအတွက် မမေ့မလျော့၊ ဇွဲမာန်အပြည့် ရှိကြရမည်။

*စာမျက်နှာ ၇ သို့*

**❑ မျက်မှောက်ကာလတွင် အမြော်အမြင်ကြီးမားသည့် အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၏ ကြိုတင်မြော်တွေး မှာကြားထားသည့်အတိုင်း တိုင်းပြည်ကို ကာကွယ်ရန်၊ တစ်တိုင်းပြည်လုံး ကြီးပွားစေရန် ဗမာကတစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တစ်ခြားအကွဲကွဲ အပြားပြား မပြုလုပ်ရန်လိုသည်။ ပြန်လည်ထူထောင်ရေးဖြစ်စေ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဖြစ်စေ၊ တိုင်းပြည်ကာကွယ်ရေးဖြစ်စေလုပ်သည့်အခါတွင် တိုင်းပြည်လူထုနှင့်ယှဉ်ပြီး ကိုယ်ထိလက်ရောက် ပါဝင်လုပ်ဆောင်ကြရန်လိုသည်။ စုပေါင်းလုပ်ကြရန်လိုသည်။ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသားလူထုညီညွတ်ရေး၊ တိုင်းသူပြည်သားလူထု ညီညွတ်ရေး၊ ထိုညီညွတ်ရေးနှစ်ခုရှိရန်လို**

# လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်ဇုန်(၁)ရှိ Star World Hotel ရှေ့ ရာဇသင်္ဂဟလမ်းမကြီးဘေး၌ ကျင်းပသည်။

**တက်ရောက်**

သစ်ပင်စိုက်ပျိုးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့် ဇနီး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က သတ်မှတ်နေရာ၌ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပြီး (ယာပုံ) အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများ၌ ရတနာတန်းဝင်ကျွန်းပင် ၁၅၀ ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၄**

တောင်ပိုင်းတိုင်း စစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူးဗိုလ်ချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့်အားကစား ဝါသနာရှင်များ တက်ရောက်ကြသည်။



**ပေးအပ်ချီးမြှင့်**

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် (စခန်းရုံး)အသင်းနှင့် ပဲခူးတပ်နယ်အသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် တံခွန်စိုက်ဖလားဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ် (စခန်းရုံး) အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုဖလားနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (ဝဲပုံ)

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇူလိုင် ၄ ရက်မှ ယနေ့အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၁၄**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

*စာမျက်နှာ ၆ မှ*

## ဝိုင်းဝန်းဆောင်ရွက်

ဗိုလ်ချုပ်အောင်ဆန်း လမ်းညွှန်မှာကြားခဲ့သော **“တိုင်းပြည်ထူထောင်ရေးလုပ်ငန်းတွေ၊ ကာကွယ်ရေးလုပ်ငန်းတွေကို လုပ်တဲ့အခါမှာ တိုင်းသူပြည်သားလူထုနဲ့ချီပြီးတော့ လုပ်ငန်းကိုလုပ်မှ အောင်မြင်လိမ့်မယ်”** ဟူသည့် မှာကြားချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အမျိုးသားရေးမျှော်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါ်များရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည်။ တိုင်းပြည်သာယာဝပြောရန် တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီအပြည့်အဝရရှိသည့် နိုင်ငံဖြစ်ရန်လိုသည်။ တည်ငြိမ်အေးချမ်းရေးအတွက် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းအောင် ဆောင်ရွက်ရန်လိုသည်။ ပြည်သူများဘဝ ရပ်တည်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာများရရှိအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ကိုလိုနီနယ်ချဲ့လက်သစ်နှင့် လက်ဝေခံနိုင်ငံအချို့က ဖိအားပေးမှုများ၊ ပိတ်ဆို့မှုများ လုပ်ဆောင်နေသည်။ ပြည်တွင်းအကြမ်းဖက်သမား သောင်းကျန်းသူများက တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ဖျက်ဆီးနေသည်။ ပြည်ထောင်စုကြီးပြိုကွဲပျက်စီးအောင် ပြုလုပ်နေသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အားစိုက်လုပ်ဆောင်နေသည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို စွမ်းအားရှိသရွေ့ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေသည်။ နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ တိုင်းပြည်ကာကွယ်ရေး၊ စီးပွားတိုးတက်ရေး၊ နိုင်ငံတည်ဆောက်ရေးတို့ကို အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

### အခွင့်အရေးတန်းတူ

ပြည်ပနိုင်ငံအချို့က အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကူအညီပေးနေသည်။ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လုံခြုံရေးဆိုင်ရာအဖွဲ့အစည်းများက တစ်နိုင်ငံလုံးဖြန့်ကြက်၍ လုံခြုံရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် အသက်၊ သွေး၊ ချွေးပေးဆပ်၍ တာဝန်ထမ်းဆောင်နေသည်။ ငြိမ်းချမ်းရေးကို လိုလားသည့် တိုင်းရင်းသားများက လုံခြုံရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကာကွယ်စောင့်ရှောက်ပေးနေသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းရင်းသားများ အခွင့်အရေး၊ တန်းတူရရှိရေး၊ အကာအကွယ်ရရှိရေးကို ဆောင်ရွက်ပေးနေသည်။

စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာ လျှောက်လှမ်းနိုင်ရေး နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်က ပြည်ထောင်စုအကျိုးကို ရှေးရှု၍ လက်နက်ကိုင်ပဋိပက္ခများကို ခုခံကာကွယ်သည်မှအပ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေသည်။ နိုင်ငံရေးပါတီများ၊ NCA တွင် လက်မှတ်ရေးထိုးထားသော / မထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် အကြိမ်ကြိမ် ဖိတ်ခေါ်လက်ကမ်းလျက်ရှိသည်။

### အားကောင်းအောင်ကြိုးပမ်း

တိုင်းပြည်တွင် မည်သို့ပင် အနှောင့်အယှက်များ ကြုံတွေ့နေသည်ဖြစ်စေ စီးပွားရေးကောင်းမွန်ရေးသည်အရေးကြီးသဖြင့်စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်နေသည်။ နိုင်ငံသူ၊ နိုင်ငံသားများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားမြင့်မားတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်နေသည်။ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်များကို တိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီး ထိရောက်သည့် အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်ပေးနေသည်။ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်မှုအားကောင်းလာအောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် တည်ဆောက်ရာတွင် ပညာရည်မြင့်မားရေးသည် အရေးကြီးသဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ KG+9 အထိ မသင်မနေရ ပညာသင်ကြားနိုင်ရေးကို သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ မဖွင့်လှစ်ရသေးသော ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဖွင့်လှစ်ပြီးကျောင်းများ အေးချမ်းစွာပညာသင်ကြားနိုင်ရေး၊ ပညာရေးဝန်ထမ်းများ လုံခြုံရေး၊ ချီးမြှင့်ထောက်ပံ့ရေးနှင့် ဆရာဝန်မရှိသည့် ဆေးရုံဟူ၍ မရှိစေရေး၊ အခြေခံလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံသူ၊ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ပြီး ပညာတတ်သူများ ပေါ်များရေးသည် နိုင်ငံအတွက်အရေးကြီးသဖြင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။

### သမိုင်းပေးတာဝန်

လက်ရှိ နိုင်ငံတော်အစိုးရ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးဖြစ်သည်မှာ ထင်ရှားသည်။ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်သည့် ရွေးကောက်ပွဲသည် ပြည်သူများ၏ လိုလားမှုဖြစ်သည်။ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ နိုင်ငံ့သမိုင်းတွင် ဆိုးရွားသည့် အမည်းစက်ဖြစ်ခဲ့ရသော ၂၀၂၀ ပြည့်နှစ် မဲစာရင်းမှားယွင်းသည့်အဖြစ်မျိုး ထပ်မံမဖြစ်ပွားစေရန် ဆောင်ရွက်နေသည်မှာ ပေါ်လွင်သည်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး၊ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးတို့အတွက် နိုင်ငံကို တာဝန်ယူဆောင်ရွက်နေသောကာလအတွင်း အကောင်းဆုံးအဖြစ်နိုင်ဆုံး ဆောင်ရွက်နေသည်ကို တွေ့ရသည်။ အနှောင့်အယှက်အမျိုးမျိုး အဖုံဖုံ ကြုံတွေ့နေသည့် ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ဒို့တာဝန် အရေးသုံးပါးသည် သမိုင်းပေးတာဝန်ဖြစ်သည်။

မျက်မှောက်ကာလတွင် အမြော်အမြင်ကြီးမားသည့် အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၏ ကြိုတင်မြော်တွေး မှာကြားထားသည့်အတိုင်း တိုင်းပြည်ကို ကာကွယ်ရန်၊ တစ်တိုင်းပြည်လုံး ကြီးပွားစေရန် ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တစ်ခြားအကွဲကွဲအပြားပြား မပြုလုပ်ရန်လိုသည်။ ပြန်လည်ထူထောင်ရေးဖြစ်စေ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဖြစ်စေ၊ တိုင်းပြည်ကာကွယ်ရေးဖြစ်စေ လုပ်သည့်အခါတွင် တိုင်းပြည်လူထုနှင့် ယှဉ်ပြီး ကိုယ်ထိလက်ရောက်ပါဝင်လုပ်ဆောင်ကြရန် လိုသည်။ စုပေါင်းလုပ်ကြရန် လိုသည်။ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသား လူထုညီညွတ်ရေး၊ တိုင်းသူပြည်သားလူထုညီညွတ်ရေး၊ ထိုညီညွတ်ရေးနှစ်ခုရှိရန် လိုသည်။

ထို့ကြောင့် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ချစ်မြတ်နိုးသလို၊ လေးစားတန်ဖိုးထားသလို၊ မမေ့နိုင်သလို မှာကြားချက်များကို အလေးထားကြရမည်ဖြစ်သည်။ အကြမ်းဖက်သမားများက အာဇာနည်ခေါင်းဆောင်ကြီးများကို လုပ်ကြံသတ်ဖြတ်ခဲ့သဖြင့် ပြည်သူလူထုတစ်ရပ်လုံး ပူဆွေးပြီး မခံမရပ်နိုင်အောင်ဖြစ်ကြသလို လူသတ်အကြမ်းဖက်ဝါဒ ခေါင်းမထောင်လာအောင် ပြည်သူလူထုတစ်ရပ်လုံး စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းဝန်းတိုက်ဖျက်ကြရမည်ဖြစ်သည်။

နယ်ချဲ့ပရိယာယ်နှင့် ပြည်တွင်း/ပြည်ပ အမျိုးသားသစ္စာဖောက်များကြောင့် မြန်မာအချင်းချင်း သွေးကွဲပျက်စီးခြင်းမဖြစ်အောင် ကာကွယ်ကြရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် နိုင်ငံတော်က ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးတို့ကို အာဇာနည်ခေါင်းဆောင်ကြီးများအား ဂုဏ်ကျေးဇူးဆပ်သောအားဖြင့် တက်ညီလက်ညီ လက်တွဲဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲများ တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်

နေပြည်တော် ဇူလိုင် ၁၄

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နိုင်ရန်အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)တွင် ပါဝင်တက်ရောက်ကြမည့် အရည်အချင်းကိုက်ညီသူ နိုင်ငံ့သားကောင်းများသည် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့ နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲများ ပြုလုပ်ကြသည်။ သင်တန်း ဖွင့်ပွဲများတွင် သင်တန်းကျောင်းများအလိုက် ကျောင်းအုပ်ကြီးများက သင်တန်းဖွင့် အမှာစကားများ ပြောကြားကြသည်။**

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၅)မှ သင်တန်းသားများအား တွေ့ဆုံကာ သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေ၊ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်ကြပြီး သင်တန်းသားများအား လိုက်လံနှုတ်ဆက်အားပေးခဲ့ကြသည်။

ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန် အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရေးအတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်၏ ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်စေခဲ့ပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ အဆိုပါပြည်သူ့စစ်မှုထမ်းသင်တန်းများမှ သင်တန်းဆင်းခဲ့သည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းများသည် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်နေကြပြီဖြစ်သည်။



၁



၂



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲတွင် သင်တန်းသားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ယနေ့တွင် ဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)မှ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ရန် သင်တန်း တက်ရောက်ကြမည့် သင်တန်းသားများ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည် -

၁။ ဒီသင်တန်းမှာ သင်ကြားပေးလိုက်တဲ့ ပညာရပ်တွေကို တိုင်းပြည်ရဲ့ တစ်စိတ်တစ်နေရာမှာ အသုံးချသွားမယ်လို့ ခံယူထားပါတယ်။ အပြင်လောကထက်စာလို့ရှိရင် ဒီထဲမှာ စည်းကမ်းတွေလည်း အများကြီးရှိတယ်။ ပြီးတော့ စစ်ပညာတွေလည်း အများကြီး ရပါတယ်။ လူတိုင်းမလုပ်နိုင်တဲ့ စစ်သားဖြစ်တော့မှာဆိုတော့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိပါတယ်။

၂။ ပြည်သူ့စစ်မှုထမ်းကို ကိုယ့်ရဲ့ စိတ်ဆန္ဒနဲ့ ကိုယ်ကိုယ်တိုင် တာဝန် ထမ်းဆောင်ချင်လို့ ဝင်ရောက်ခဲ့တာ ဖြစ်ပါတယ်။ ကိုယ်တိုင်ကိုယ်ကျ တာဝန်ထမ်းဆောင်ရတော့မယ်ဆိုတော့ စိတ်ထဲမှာလည်း ပျော်ပါတယ်။ ပြည်သူတွေအတွက် အသက်စွန့်ပြီးတော့ ကာကွယ်ရမယ်ဆိုတော့ ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူမိပါတယ်။ အပြင်မှာနေသလို အရပ်သားမဟုတ်တော့ဘဲ ကိုယ့်နိုင်ငံသားကို ကိုယ်ပြန်စောင့်ရှောက်ရမယ့် သူရဲကောင်းတစ်ယောက်လို့ ကိုယ့်ကိုယ်ကိုယ် ခံယူမိပါတယ်။ **သတင်းစဉ်**













ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပစဉ်။

# မိုင်းတုံမြို့နယ် မဲကင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းတုံ ဇူလိုင် ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မဲကင်ကျေးရွာအုပ်စု မဲကင်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများသည် မဲကင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသူအသင်းသားများက အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



မဲကင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသား အသင်းသူ ၂၄ ဦးအား (၁၁) ကြိမ်မြောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၆၀ အထိ ထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်ထံမှ သိရသည်။

**မောင်ခိုင်**

# ကျောက်ဖြူမြို့၌ မိုးစပါးများ စိုက်ပျိုးလျက်ရှိ



**ကျောက်ဖြူ ဇူလိုင် ၁၄**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ ၂၀၂၅-၂၀၂၆ မိုးစပါးလျာထားချက်ဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးနှင့် မိုးစပါးတစ်ဧက အထွက်နှုန်းပိုမိုတိုးတက်လာစေရေးတို့အတွက် ယနေ့ နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ကွင်းဆင်း၍ လယ်ဒါပြင်ကွင်းရှိ စံပြကွက်များတွင် စိုက်ပျိုးပြသလျက်ရှိသည်။

ထိုသို့ စိုက်ပျိုးရာတွင် မိုးစပါးများကို ပျိုးသက်မှန်ဖြင့် တစ်ဧကောက်ကွက် ပြည့်မီစေရေး တောင်သူနှင့်အတူ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ကွင်းဝန်ထမ်းများက ကြီးကြပ်၍ စနစ်တကျ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး (ပြန်/ဆက်)**

✻ *ကျော်ဖုံးမှ*

တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ကရင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

သက်ဆိုင်ရာဇုန်များအလိုက် အားကစားကွင်းများတွင် အသင်းများ၏ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့မှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင် ပွဲကြည့်ပရိသတ်များက တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးကြသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၁၅ ရက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ကွင်း၌ ချင်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ရခိုင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်း၌ မွန်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်းနှင့် ဇူလိုင် ၂၀ ရက်မှ စတင်၍ အမျိုးသားဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ကျော်ဖုံးမှ*

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခင်က မြန်မာ ယူ-၁၇ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းနည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းအား တာဝန်ပေးထားသော်လည်း သူ့အနေဖြင့် မြန်မာအမျိုးသမီးကလပ် အား/ကာသိပွဲအသင်းကို တာဝန်ယူထားရပြီး ကလပ်အသင်းနှင့်အတူ အာရှအမျိုးသမီး ချန်ပီယံလိဂ်ခြေစစ်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပြိုင်ပွဲကာလတိုက်ဆိုင်နေသဖြင့် မြန်မာ ယူ-၁၇ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းအတွက် နည်းပြသစ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် နည်းပြသစ် ကူမိကိုတာရှီရိအား နှစ်နှစ်စာချုပ်ဖြင့် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ ယူ-၁၇ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်း နည်းပြချုပ်အဖြစ် နိုင်ငံခြားသူ နည်းပြတစ်ဦးအား ပထမဆုံးခန့်အပ်ခြင်းဖြစ်သည်။

မြန်မာ ယူ-၁၇ အမျိုးသမီးလူငယ်လက်ရွေးစင်အသင်းသည် ယခုနှစ်အတွင်း အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲနှင့် အာရှဖလား ယူ-၁၇ အမျိုးသမီးခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MFF**

◆ *ကျော်ဖုံးမှ*

လာရောက်ကြည့်ရှုခဲ့သည်။ ချယ်ဆီးအသင်းတောင်ပံတိုက်စစ်ကစားသမား ကိုးလ်ပဲလ်မာ အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းအတွက် နှစ်ဂိုးသွင်းကာ ဂိုးဖန်တီးမှုတစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည်။

ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးခြေစွမ်းပြသထားနိုင်သော ပီအက်စ်ဂျီအသင်းသည် ယခုပွဲစဉ်တွင် ပုံမှန်ခြေစွမ်းပြသနိုင်ခြင်း မရှိပေ။ ထို့အပြင် ပီအက်စ်ဂျီအသင်းသည် ပြိုင်ဘက်ချယ်ဆီးအသင်း၏ ခံစစ်နှင့် ဂိုးသမားတို့အကောင်းဆုံး ကာကွယ်ဟန့်တားထားနိုင်သည့်အတွက် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရပြီး ဂိုးပြတ်ရှုံးပွဲကြုံတွေ့ကာ ဆုဖလားကိုင်မြောက်အောင်ပွဲခံခွင့်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ ပွဲကစားချိန် ၈၅ မိနစ်တွင် ပီအက်စ်ဂျီအသင်းမှ နီဗက်စ် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည် ။

ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကို ချယ်ဆီးတောင်ပံတိုက်စစ်ကစားသမား ပဲလ်မာက ဆွတ်ခူးရရှိခဲ့သည်။ အကောင်းဆုံး လူငယ်ကစားသမားဆုကို ပီအက်စ်ဂျီအသင်း ကစားသမား ဒိုအီက ဆွတ်ခူးရရှိခဲ့သည်။ အကောင်းဆုံး ဂိုးသမားဆုကို ချယ်ဆီးအသင်းဂိုးသမား ရောဘတ် ဆန်းချက်ဇ်က ရရှိခဲ့သည်။

ယခုနှစ်တွင် ကျင်းပသည့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းပေါင်း ၃၂ သင်းအထိ တိုးချဲ့ကာ ပုံစံသစ်ဖြင့် ဇွန် ၁၄ ရက်မှ ဇူလိုင် ၁၄ ရက် နံနက်ပိုင်းအထိ အမေရိကန်နိုင်ငံ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

**အောင်ဇော်**

## မြို့နယ်များ၌ မြန်မာအီလက်ထရောနစ် မဲပေးစက် တပ်ဆင်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာသင်တန်းများဖွင့်

**ဇနုဖြူ**

ဧရာဝတီတိုင်းဒေသကြီး ဇနုဖြူမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တပ်ဆင်ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၄ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးလေ့လာခဲ့ကြပြီး သင်တန်းအား ဇူလိုင် ၁၄ ရက်မှ ၂၅ ရက်အထိ သင်တန်းအပတ်စဉ်ခြောက်ကြိမ်ဖြင့်၊ တစ်ကြိမ်လျှင် နှစ်ရက်၊ သင်တန်းသား ၁၂၀ ဖြင့် စုစုပေါင်း သင်တန်းသား ၇၃၃ ဦးအား သင်တန်းနည်းပြဆရာ ၁၅ ဦးမှ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**



**အင်းစိန်**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မြို့နယ်ခန်းမ၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အဖွဲ့ဝင်များ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ မြို့နယ်အဆင့်လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ အင်းစိန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ သင်တန်းသား သင်တန်းသူ ၁၀၈ ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကို သင်တန်းအပတ်စဉ်အလိုက် နှစ်ရက်သင်တန်းများဆက်လက်၍ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**



**သန်လျင်**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သာသနာ့ဗိမာန်ခန်းမ၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ခရိုင်စီမံအဖွဲ့ဝင်(၂)၊ ခရိုင်ရွေးကောက်ပွဲကော်မရှင် အတွင်းရေးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ မြို့နယ်အဆင့်လုပ်ငန်း အဖွဲ့ဝင်များ၊ သန်လျင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ကြပြီး သင်တန်းကို သင်တန်း အပတ်စဉ်အလိုက် နှစ်ရက်သင်တန်းများ ဆက်လက်၍ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# စာပေထဲက အတွေးအမြင်

စာဖတ်ပရိသတ်တစ်ဦး

ဖုန်းဘက်ထရီအားသွင်းခိုက် စားပွဲပေါ်ရှိ ဖတ်လက်စ စာအုပ်တစ်အုပ်ကို လှမ်းယူမိသည်။ စာအုပ်တစ်အုပ်ကို ငယ်စဉ်ကလို နှစ်နှစ်ခြိုက်ခြိုက်၊ အားရပါးရ၊ တစ်ထိုင်တည်း အစအဆုံး မဖတ်ဖြစ်ခဲ့သည်မှာ ကြာခဲ့ပြီကော။ ဟိုတစ်စ ဒီတစ်စ၊ တို့ထိတို့ထိ ဖတ်လိုက်၊ ချထားလိုက်၊ ဖုန်းလေး ပြေးပွတ်လိုက်နှင့် သံသရာလည်နေတော့သည်။

**ယနေ့လူမှုလောကတွင် စမတ်ဖုန်းများက မရှိမဖြစ်ပစ္စည်းတစ်ခုလို ဖြစ်လာ**

ကြီးကြီး၊ ငယ်ငယ်၊ အရွယ်မရွေး၊ လူတန်းစား မရွေး တစ်ခေတ်တစ်ခါက စာရေးဆရာ၊ သတင်းစာ ဆရာကြီး ဦးသိန်းဖေမြင့်၏ “ခေတ်မီသူတိုင်း ပင်လယ်ငါးစားကြသည်” ဟူသော ကြော်ငြာကဲ့သို့ပင် ခေတ်မီသူတိုင်း ဖုန်းပွတ်ကြသည်။ ပြည်တွင်း ပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး စသည်ဖြင့် ကဏ္ဍအစုံ အလင်ကို မိနစ်ပိုင်း၊ စက္ကန့်ပိုင်းအတွင်း လေ့လာ သိရှိနိုင်သဖြင့် ယနေ့လူမှုလောကတွင် အင်တာနက် စမတ်ဖုန်းများက မရှိမဖြစ်ပစ္စည်းတစ်ခုလို ဖြစ်လာသည်။

တစ်ခုကောင်းသော်လည်း တစ်ခုကားမကောင်း၊ လူတွေစာပေဖတ်ရှုလေ့လာမှု အားနည်းလာကြသည်။ စာဖတ်ဝါသနာရှင် ကျွန်တော်သည်ပင်လျှင် စာဖတ်အား အတော်လျော့ပါးသွားခဲ့သည်။ တစ်ခု တော့ရှိသည်။ အွန်လိုင်းပေါ်တွင် စာရေးဆရာ အသီးသီး၏ စာအုပ်စာပေများကို ဒေါင်းလော့ဆွဲ၍ အလွယ်တကူဖတ်ရှုလေ့လာ၍ ရနေသားပဲဟု အချို့က ဆိုကောင်းဆိုလိမ့်မည်။

တစ်ခါတစ်ရံတော့ ဖတ်ဖြစ်သည်။ သို့တစေ ငယ်စဉ်ကတည်းက ရုပ်ကွက်စာအုပ်အငှားဆိုင် ယဉ်ကျေးမှုနှင့် ရင်းနှီးကျွမ်းဝင်လာခဲ့သည့် မျိုးဆက် တစ်ဆက်ပီပီ စာအုပ်တစ်အုပ်ကို လက်ဖြင့်ကိုင်၍ လှန်လှောဖတ်ရှုရသည့် အရသာလောက်မကောင်း၊ စွဲမက်ဖွယ်မရှိ။ ကျန်းမာရေးအရလည်း ထူထဲသော စာအုပ်တစ်အုပ်မှ စာအရှည်ကြီးများကို ဖတ်ရှုခြင်းဖြင့် ကြာလျှင်မျက်လုံးကို ထိခိုက်နိုင်သည့် အန္တရာယ်လည်းရှိသည်။

သို့ကြောင့်မို့ စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် စာအုပ်စာပေဖတ်ရှုလေ့လာခြင်း အလေ့အထသည် ယနေ့တိုင်ကမ္ဘာပေါ်တွင် ဆက်လက်တည်ရှိနေခြင်း ဖြစ်ပေလိမ့်မည်။ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးများ၌ပင်လျှင် စာအုပ်စာပေနှင့်မကင်းနိုင်ကြပေ။ နိုင်ငံ့ ခေါင်းဆောင်များ၊ နိုင်ငံရေးသမားများ၊ နယ်ပယ် အသီးသီးမှ ပညာရှင်များ၊ စွန့်ဦးတီထွင်သူများ၊ အတွေးအမြင်နှင့် ဗဟုသုတရှာမှီးလိုသူများ၊ တိုးတက်သော အမြင်ရှိသူများအားလုံး စာအုပ်စာပေများကို လေ့လာဖတ်ရှုခဲ့ကြသည်။ ဖတ်ရှုနေဆဲဖြစ်သည်။

**အမေရိကန်သမ္မတဖြစ်ခဲ့သူ**
**ဘားရက်အိုဘားမားဆိုလျှင်**
**စာအလွန်ဖတ်သူတစ်ဦးအဖြစ် ထင်ရှား**

၄၄ ဦးမြောက် အမေရိကန်သမ္မတဖြစ်ခဲ့သူ ဘားရက်အိုဘားမားဆိုလျှင် စာအလွန်ဖတ်သူ တစ်ဦးအဖြစ် ထင်ရှားသည်။ စာဖတ်နာ၍လည်း အတွေးသစ် အမြင်သစ်များဖြင့် ဟောပြောနိုင်ခဲ့၍ မဲဆန္ဒရှင်များက နှစ်ခြိုက်သဘောကျခဲ့ကြပြီး အမေရိကန်ပြည်ထောင်စု၏ ပထမဆုံး အာဖရိကန်-အမေရိကန်သမ္မတအဖြစ် ၂၀၀၈ ခုနှစ်တွင် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။

အိုဘားမားသည် ကောလိပ်ကျောင်းသားဘဝမှာပင် တွေးခေါ်ရှင်များ၏ စာပေများကို ဖတ်ရှုခဲ့သည်။ အတွေးအခေါ်စာပေများကို ဖတ်ခြင်းက သူတကယ်တမ်း ဘာကို ယုံကြည်သလဲဆိုသည်ကို ပြန်လည်ဆန်းစစ်ရန်ဖြစ်သည်ဟုဆိုသည်။ ထို့ပြင် စာအုပ်များထဲမှ အတွေးအခေါ်များကို ထုတ်ယူပြီး အသုံးချရန် စာဖတ်ခြင်းဖြစ်သည်ဟု ဆိုသည်။

အိုဘားမားသည် စာကောင်းပေမွန်များကို ရွေးဖတ်သူဖြစ်သော်လည်း ဝတ္ထု၊ ကဗျာနှင့် ရိုက်စပီးယား၏ ပြဇာတ်များကိုလည်း အရသာခံ ဖတ်လေ့ရှိသည်။ ဂန္ထီနှင့် လင်ကွန်း အတ္ထုပ္ပတ္တိစာအုပ်များကမူ အိုဘားမားအချိန်ရတိုင်း ပြန်ဖတ်လေ့ရှိသော စာအုပ်များဟုဆိုသည်။ သမ္မတရာထူးတာဝန်ထမ်းဆောင်စဉ်မှာလည်း ယခင်ထက် စာဖတ်ချိန်နည်းလာသော်လည်း စာဖတ်မပျက်၊ တစ်ခါတစ်ရံ လေယာဉ်ပေါ်မှ စာအုပ်ကိုင်လျက်ဆင်းလာသည့် သမ္မတအိုဘားမား၏ ရုပ်ပုံလွှာကို ထိုစဉ်မီဒီယာများတွင် မကြာမကြာတွေ့ရှိနိုင်သည်။

အိုဘားမားသည် စာဖတ်နာသည်နှင့်အမျှ “Dreams From My Father ”၊ “The Audacity of Hope” ဟူသည့် စာအုပ်များကိုလည်း ရေးသားခဲ့ပေသည်။

> ❖ **လောက၌ လူအမျိုးမျိုးရှိလေရာ သူတစ်ပါးအတွေ့အကြုံကို လေ့လာစရာမလို၊ ကိုယ့်နည်းကိုယ့်ဟန်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ့်လမ်းကိုယ်သွားဖို့သာလိုသည်ဟု တစ်ယူသန် စွဲမြဲသူများလည်းရှိသည်။ သူတစ်ပါးအတွေ့အကြုံကို ဆန်းစစ်လေ့လာ၍ မိမိ၏ ဉာဏ်စွမ်းဉာဏ်စဖြင့် မွမ်းမံကာ ကောင်းသည်ထက်ကောင်းအောင် နည်းလမ်းရှာတတ်သူများလည်းရှိသည်။ သူတစ်ပါးအတွေ့အကြုံကို အပေါ်ယံမျှ လေ့လာလျက် သူတို့မအောင်မြင်ခဲ့တာ ငါလည်းအောင်မြင်မှာ မဟုတ်ပါဘူးဟူ၍ စစ်မရောက်ခင် မြားကုန်သကဲ့သို့ အားလျှော့စိတ်ပျက်ပြီး နောက်ပြန်ဆုတ်တတ်သူများလည်းရှိသည်။ သူတစ်ပါးအတွေ့အကြုံနှင့် အမှားများကို တွေ့ပါလျက် ဒါမျိုး ငါမမှားနိုင်ဟု မိမိကိုယ်မိမိ ထင်တစ်လုံးဖြင့် ဇွတ်တိုးအကဲစမ်းတတ်သူများလည်းရှိ**

**အာဂုံဆောင်နိုင်သည်အထိ လေ့လာဖတ်ရှုခဲ့ကြ**

အိုဘားမားနည်းတူ သမ္မတ နစ်ဆင်၊ ဂျူနီယာဘုရှ်တို့သည်လည်း အမေရိကန်သမ္မတ လင်ကွန်း၊ ဖရန်ကလင်ဒီရုစဗဲ့ သမိုင်းအတ္ထုပ္ပတ္တိများ၊ ဘိုင်ဘယ်သမ္မာကျမ်းစာများကို အာဂုံဆောင်နိုင်သည်အထိ လေ့လာဖတ်ရှုခဲ့ကြကြောင်း သိရသည်။

စာအုပ်စာပေများထဲကပေးသော အတွေးအမြင်များကား ကုန်နိုင်ဖွယ်မရှိပေ။ လက်ထဲမှ စာအုပ်အဖုံးကို တစ်ဖန်ပြန်ကြည့်မိသည်။ ခေါင်းစဉ်က **“ဒုတိယအတွေး”**။ စာရေးသူက ဆရာမောင်ဝံသ။ ရုပ်ကွက်စာအုပ်အငှားဆိုင်စင်ထက်က ကစ်ဆင်ဂျား၊ မိုရှေဒါယန်၊ နစ်ဆင်၊ မာရှယ်တီတိုး၊ ခရုးရှက်၊ ကစ်ဆင်ဂျား၏ အိမ်ဖြူတော်နှစ်များ၊ ကစ်ဆင်ဂျား၏ ကသောင်းကနင်းနှစ်များ စသည့်နိုင်ငံရေး အတ္ထုပ္ပတ္တိစာအုပ်များက မျက်ဝန်းရိပ်တွင် တဖျတ်ဖျတ်ပေါ်လာသည်။ ကျွန်တော်တို့မျိုးဆက်မှ စာဖတ်ဝါသနာရှင်များသည် ဆရာ၏ လက်ရာဖော်ပြပါ နိုင်ငံရေးအတ္ထုပ္ပတ္တိ စာပေများနှင့် ယဉ်ပါးကြီးပြင်းလာခဲ့ကြသူများ ဖြစ်သည်။

ယခု **“ဒုတိယအတွေး”** အမည်ရစာအုပ်မှာမူ ၁၉၈၄ ခုနှစ်မှစ၍ အတွေးအမြင်စာစောင်တွင် ဆရာ ရေးသားခဲ့သော ဆောင်းပါးများနှင့် ခေါင်းကြီးအချို့ကို စုစည်းထားခြင်းဖြစ်သည်။

**“စကားပြောဆိုခြင်း၊ စာပေရေးသားခြင်း၊** ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုခုကို အသုံးပြု၍ လုပ်ဆောင်ခြင်း စသည်ဖြင့် ကိုယ်နှုတ်အမူအရာတိုင်းသည် တွေးကြံခြင်းမှ ပေါက်ဖွားလာသော ရလဒ်များဖြစ်သည်။ သို့ရာတွင် သာမန်လူများအဖို့ သိစိတ်၊ မှတ်စိတ်က လိုက်မမီနိုင်လောက်အောင် မြန်လွန်းလှသဖြင့် တွေးခြင်း၊ ပြောခြင်း၊ လုပ်ခြင်းတို့သည် တစ်ဆက်တည်းလိုဖြစ်နေသည်။ တစ်ဆင့်ချင်း ပိုင်းခြားရန် မတတ်စွမ်းနိုင်ကြချေ။ ထို့ကြောင့် စိတ်နောက်ကိုယ်ပါဟူ၍ ဆိုစမှတ်ပြုခဲ့ခြင်း ဖြစ်သည်။

စိတ်နောက်ကိုယ်ပါ ပြောခြင်း၊ ပြုခြင်းများကြောင့် မလိုလားအပ်သောဆိုးကျိုးများ ပေါ်ပေါက်တတ်ပေရာ တစ်စုံတစ်ခု တွေးကြံပြောဆိုပြုလုပ်တော့မည်ဆိုပါက နှုတ်က စကားတစ်ခွန်းမထွက်မီ၊ ကိုယ်ကတစ်စုံတစ်ရာ မပြုမူမီ၊ ပြောအံ့ ပြုအံ့ဆဲဆဲ အခိုက်အတန့်ကလေးတစ်ခု၌ ဒုတိယအတွေးကို ရုတ်ခြည်းဖော်ထုတ်ဖို့ လိုအပ်သည်။ ယခုနှုတ်က ထွက်တော့မည့်စကားသည် ပြောအပ်၊ မပြောအပ်။ ပြောလိုက်လျှင် အကျိုးရှိမလား၊ အကျိုးပျက်မလား စသည်ဖြင့် ဒုတိယအတွေး၏ လျှပ်တစ်ပြက်ဆန်းစစ်ခြင်းကို ခံယူဖို့လိုအပ်သည်။ ဒုတိယအတွေးသည် စင်စစ်အားဖြင့် ဆင်ခြင်တုံတရားပင်ဖြစ်၏။

လူရေးလူမှုနယ်ပယ်အသီးသီးတွင် အကြောင်းကိစ္စအလုံးစုံနှင့်စပ်လျဉ်း၍ တွေး၊ ကြံ၊ ပြောဆို၊ ပြုမူကြရာ၌ ဒုတိယအတွေးကို ဖြတ်သန်းပြီးမှ ဆောင်ရွက်ကြလျှင် ဆင်ခြင်တုံတရားထွန်းကား၍ ဖြဟ္မစိုရ်တရားပြန့်ပွား စည်ပင်သော လောကချမ်းသာကြီးကို မျက်မှောက်ပြုကြရပေလိမ့်မည်။”

**ဆင်ခြင်တုံတရားမှတစ်ဆင့်**
**လူ့ဘောင်လောကကိုလည်း**
**ငြိမ်းချမ်းသာယာမှုများကို ပေးစွမ်းနိုင်**

ဖော်ပြပါ **“ဒုတိယအတွေး”** အတွေးအမြင် ဆောင်းပါးက ယခုလက်ရှိကာလတွင်မက အနာဂတ်ကာလဘဝခရီးတိုင် အသုံးဝင်၊ အသုံးတည့်မည့် ဒဿနအမြင်တစ်ခုဟုဆိုရပါမည်။ ထိုဆင်ခြင်တုံတရားမှတစ်ဆင့် မိမိအတွက်သာမက မိမိပတ်ဝန်းကျင်က လူ့ဘောင်လောကကိုလည်း ငြိမ်းချမ်းသာယာမှုများကို ပေးစွမ်းနိုင်ပေလိမ့်မည်။

**“ပြဿနာနှင့်နည်းလမ်း”** အတွေးအမြင် ဆောင်းပါးစာစုလေးကလည်း နိစ္စဓူဝပြဿနာ၊ တစ်နည်း စိတ်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ယနေ့လောကလူသားများအတွက် တွေးဆဆင်ခြင်စရာပင်။

အဆိုပါဆောင်းပါးတွင် “ပြဿနာများ၊ အခက်အခဲများနှင့် တွေ့ကြုံရင်ဆိုင်ရသောအခါတိုင်း၌ လူသည်အောင်မြင်စွာ ကျော်လွှားနိုင်ရန် နည်းလမ်းရှာရသည်။ နည်းလမ်းရှာရာ၌ မိမိ၏အတွေ့အကြုံမှ ရရှိသော ကိုယ်ပိုင်စိတ်ကူးစိတ်သန်းကို အသုံးချခြင်းဖြင့်လည်းကောင်း၊ သူတစ်ပါးတို့တွေ့ကြုံခဲ့ရသည်ကို ကြားနာမှတ်သားခဲ့ရဖူးခြင်းမှ ဆင့်ပွားတွေးခေါ်၍ လည်းကောင်း ရှာဖွေလေ့ရှိကြသည်။

မိမိ၏ကိုယ်ပိုင်စိတ်ကူးစိတ်သန်းဖြင့် ပြဿနာဖြေရှင်းရေးနည်းလမ်းများကို ရှာဖွေသူသည် မည်သို့သော အကျိုးရလဒ်ထွက်ပေါ်နိုင်သည်ကို ကြိုတင်မှန်းဆရန် ခက်ခဲတတ်သည်။ ဖြစ်နိုင်ခြေများကို မိမိဘာသာစဉ်းစား၍ မိမိဘာသာမှန်းဆရမည်ဖြစ်ရာ အမှန်တကယ်ရလဒ်နှင့် နီးစပ်သောအဖြေကို ရခဲသည်။ လူသည်ဆန္ဒစွဲနှင့်ယှဉ်၍သာလျှင် စဉ်းစားလေ့ရှိသည်ဖြစ်ရကား မိမိရွေးချယ်သောနည်းလမ်းသည်သာလျှင် အမှန်ဆုံးဟု ထင်တစ်လုံးဖြစ်တတ်စမြဲပင်။ မှားမှန်းသိချိန်တွင် ပြန်လည်ပြင်ဆင်ရန် နောက်ကျလွန်းသော အခြေအနေမျိုးနှင့် ကြုံရတတ်သည်။

သူတစ်ပါး၏ အလားတူအတွေ့အကြုံများကို လေ့လာဆန်းစစ်၍ ဆင့်ပွားတွေးခေါ်ကာ နည်းလမ်းရှာဖွေခြင်းသည်ကား ဆင်ခြင်တုံတရားကို အထောက်အကူဖြစ်စေသည်။ အမှားနည်းစေသည်။

လောက၌ လူအမျိုးမျိုးရှိလေရာ သူတစ်ပါးအတွေ့အကြုံကို လေ့လာစရာမလို၊ ကိုယ့်နည်းကိုယ့်ဟန်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ကိုယ့်လမ်းကိုယ်သွားဖို့သာလိုသည်ဟု တစ်ယူသန် စွဲမြဲသူများလည်းရှိသည်။ သူတစ်ပါးအတွေ့အကြုံကို ဆန်းစစ်လေ့လာ၍ မိမိ၏ ဉာဏ်စွမ်းဉာဏ်စဖြင့် မွမ်းမံကာ ကောင်းသည်ထက်ကောင်းအောင် နည်းလမ်းရှာတတ်သူများလည်းရှိသည်။ သူတစ်ပါးအတွေ့အကြုံကို အပေါ်ယံမျှ လေ့လာလျက် သူတို့မအောင်မြင်ခဲ့တာ ငါလည်းအောင်မြင်မှာ မဟုတ်ပါဘူးဟူ၍ စစ်မရောက်ခင် မြားကုန်သကဲ့သို့ အားလျှော့စိတ်ပျက်ပြီး နောက်ပြန်ဆုတ်တတ်သူများလည်းရှိသည်။ သူတစ်ပါးအတွေ့အကြုံနှင့် အမှားများကို တွေ့ပါလျက် ဒါမျိုး ငါမမှားနိုင်ဟု မိမိကိုယ်မိမိ ထင်တစ်လုံးဖြင့် ဇွတ်တိုးအကဲစမ်းတတ်သူများ လည်းရှိသည်။

ပြဿနာနှင့်ရင်ဆိုင်ရတိုင်း မိမိဘယ်လို လူစားမျိုးဖြစ်သည်ဆိုခြင်းကို ပြဿနာကပင် စိန်ခေါ် စစ်ဆေးလျက်ရှိပေသည်။”

ဖုန်းဘက်ထရီအားသွင်းခိုက် အတွေးအမြင် ဆောင်းပါး စာစုအတိုလေးများကို တစ်ပုဒ်စ၊ နှစ်ပုဒ်စ၊ ဟိုတစ်စ၊ ဒီတစ်စမျှဖတ်မည့် မူလစိတ်ကူးသည် ဖတ်ရင်းဖတ်ရင်း ဘယ်ပျောက်သွားမှန်းမသိတော့။ စာမျက်နှာနှစ်ရာကျော်၊ နှစ်ရာ့ငါးဆယ်နီးပါး၊ ဆောင်းပါးစာစုပုဒ်ရေ ၅၀ ကျော်ကို ငယ်စဉ်ကလို တစ်အုပ်လုံးကုန်အောင် မြိန်ရေရှက်ရေ တစ်ထိုင်တည်း ဖတ်ရှုပစ်လိုက်သည်။

၂၀၀၃ ခုနှစ်က ထုတ်ဝေခဲ့ပြီး ထိုစဉ်က စာအုပ်တန်ဖိုးမှာ ငွေကျပ် ခုနစ်ရာမျှသာ။ စာပေထဲက အတွေးအမြင်များကားမူ အဖိုးအနဂ္ဃပင်။ သမ္မတအိုဘားမားက တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် **“ကလေးတွေကို ငယ်ငယ်လေးကတည်းက စာဖတ်ပြတဲ့အကျင့် လုပ်ပေးရမယ်။ ကလေးတွေအနေနဲ့ စာဖတ်တာကိုအာရုံဝင်စားအောင် လုပ်ပေးရမယ်။ တီဗွီကိုပိတ်ပြီး စာဖတ်ပြတဲ့အကျင့်လုပ်ပါ”** ဟု ဆိုပါသည်။ ကျွန်တော်တို့လည်း လက်ကိုင်ဖုန်းလေးတွေ ခဏပိတ်ထားလိုက်ကြရအောင်။ ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့်နေအိမ်များအတွက် ထောက်ပံ့ငွေများပေးအပ်ပြီး ငလျင်ဘေးပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၄**

နေပြည်တော်အတွင်း ငလျင်ဒဏ်ကြောင့် တစ်စိတ်တစ်ပိုင်းပျက်စီးခဲ့သည့် နေအိမ်များ၊ လုံးဝပျက်စီးနေအိမ်များအနက် ဝါးထရံကာအိမ်၊ တစ်ထပ်ပျဉ်ထောင်အိမ်၊ နှစ်ထပ် ပျဉ်ထောင်အိမ်နှင့် တိုက်ခံအိမ်များအတွက် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဇမ္ဗူသီရိခန်းမ၌ ကျင်းပရာ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့် ဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့နယ်အတွင်းရှိ နေအိမ်များအတွက် ထောက်ပံ့ငွေများကို ပေးအပ်သည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် သုံးတန်ကူးကျေးရွာ၌ ပလွေးချောင်းရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုကို ထိန်းသိမ်းနိုင်ရန် ကမ်းထိန်းနံရံ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း **(ယာပုံ)**၊ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရန်အောင်မြင်ဆည် ပင်မတမံနှင့် ကုန်းကျောတမံများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**အောင်သူရဦး(ပြန်/ဆက်)**



# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဈေးကားများဖြင့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချ

**နေပြည်တော် ဇူလိုင် ၁၄**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များကို ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ် ၃၀ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၉၉ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။




ဇူလိုင် ၁၄ ရက်တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန်ခြောက်ပြည်ပါ (မနော်သုခ- Export Quality) သုံးအိတ်၊ ဆန် ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) နှစ်အိတ်၊ စားအုန်းဆီ ပိဿာ ၁၀၀၊ ဆား ၃ ပိဿာ ၅၀ ကျပ်သား၊ ကုလားပဲ ၂၀ ကျပ်သားပါ ၁၀ ထုပ်၊ ငါးပိ ၈၀ ကျပ်သား၊ ငါးတံခွန် ၁၀ ကျပ်သားပါ သုံးထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ နှစ်ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ တစ်ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သားပါ နှစ်ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ သုံးထုပ်၊ ကြက်ဥအလုံး ၃၀၊ ဘဲဥ ၁၅ လုံး၊ ခေါက်ဆွဲခြောက် ခုနစ်ထုပ်တို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက် ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ စစ်ကိုင်းမြို့အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) တစ်အိတ်၊ စားအုန်းဆီ ၇၅ ပိဿာ၊ ဆား ငါးပိဿာ၊ ကုလားပဲ ၁၀ ဘူး၊ ငါးပိ နှစ်ပိဿာ၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၁၀ ထုပ်၊ ပုစွန်ခြောက် ၁၀ ကျပ်သားပါ သုံးထုပ်၊ ကြက်ဥအလုံး ၇၀၊ ဘဲဥ ၂၅ လုံး၊ ကြက်သွန်နီ ခုနစ်ပိဿာနှင့် အသားတုံး တစ်ပိဿာတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင်လည်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (မနော်သုခ) ၁၀ အိတ်၊ စားအုန်းဆီပိဿာ ၁၁၀၀၊ ဆား ၂ ပိဿာ ၅၀ ကျပ်သား၊ ကုလားပဲ ၂၅ ကျပ်သားပါ ခြောက်ထုပ်၊ ငါးပိ ၅၀ ကျပ်သား၊ ငါးနီတူခြောက် ၁၀ ကျပ်သား ခြောက်ထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သား ၁၀ ထုပ်၊ ကြက်ဥ ၇၆၃ လုံး၊ ဘဲဥ ၂၅၈ လုံးနှင့် ခေါက်ဆွဲခြောက် ၇၅ ထုပ်တို့ကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ကာ နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မင်္ဂလာဒုံမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်းသင်တန်း ဖွင့်ပွဲအခမ်းအနားကို မြို့နယ်သာသနာ့ဗိမာန်၌ ယနေ့ နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကျော်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ မြို့နယ်အဆင့်လုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ သင်တန်းသား၊ သင်တန်းသူ ၁၀၀ ခန့် တက်ရောက်ပြီး သင်တန်းကို သင်တန်းအပတ်စဉ်အလိုက် နှစ်ရက်သင်တန်းများ ဆက်လက်ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

# နမ့်တဘက် မွေးမြူရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမ အသင်းလီမိတက်၏ ဝက်မွေးမြူရေးခြံသို့ ကွင်းဆင်းကြည့်ရှု

**တောင်ကြီး ဇူလိုင် ၁၄**

ရှမ်းပြည်နယ်အတွင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟိုပုံးမြို့နယ် ကုန်းကျိုင်းအုပ်စု ဟန်လွဲကျေးရွာရှိ နမ့်တဘက် မွေးမြူရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်း လီမိတက်က မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ဝက်မွေးမြူရေးခြံသို့ ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။



ထို့နောက် တာဝန် ရှိသူများက အသင်းမှ လိုအပ်လျက်ရှိသည့် ငွေကြေး၊ အရင်းအနှီးနှင့် နည်းပညာများ ရရှိစေရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးအတွက် သက်ဆိုင်ရာမြို့နယ်သမဝါယမအသင်းစု အမှုဆောင်အဖွဲ့နှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ငါး ရစ် တစ် ကောင် သုံး လ ရှောင်၊ ထောင် သောင်း တိုး ပွား ရေ ရှည် စား

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ပဲခူး ဇူလိုင် ၁၄**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့က ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့သည် နတ်တလင်းမြို့ ရွှေလင်းခန်းမဘက်စုံပြန်လည်ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နတ်တလင်းမြို့ ဝန်ထမ်းအိမ်ရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝင်/ထွက်လမ်းများ ကောင်းမွန်မှုရှိစေရေး၊ Landscaping မြေယာအလှရှုခင်းများဆောင်ရွက်ရန်၊ ဝန်ထမ်းအိမ်ရာသန့်ရှင်းသာယာလှပစေရေး ဝိုင်းဝန်းဆောင်ရွက်ရန်၊ အရိပ်ရပြီး စား၍ရသော သီးပင်စားပင်များ စိုက်ပျိုးသွားရန်နှင့် နိုင်ငံ့ဝန်ထမ်းများ စည်းစည်းလုံးလုံး တစုတစည်းတည်း နေထိုင်နိုင်ရေး ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နတ်တလင်းမြို့နယ် တံခွန်တိုင်ကျေးရွာအုပ်စုရှိ တောင်သူဦးသောင်း၏ မိုးစပါးစိုက်ခင်း ၁၀ ဧကကို ပဲခူးတိုင်းဒေသကြီးမှ ထုတ်လုပ်ခဲ့သည့် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ မိုးစပါးစိုက်ပျိုးရာသီပြီးပါက သီးထပ်စိုက်ပျိုးသွားရန်၊ ဓာတ်မြေသြဇာသုံးစွဲမှုလျှော့ချပြီး ဒေသတွင်းထုတ် သဘာဝမြေသြဇာအစားထိုးသုံးစွဲရန် ပြောကြားခဲ့ကာ မိုးစပါးစိုက်တောင်သူများအား သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သာယာဝတီမြို့ ကျွန်းကုန်းကျေးရွာအုပ်စုရှိ ဦးအေးကြိုင်၏ လယ်မြေ ၁၀ ဧကၡ ပဲခူးတိုင်းဒေသကြီးမှ ထုတ်လုပ်ခဲ့သော လူလိုက်ပါစီးနင်းနိုင်သည့် ကောက်စိုက်စက်နှင့် လက်ဆွဲကောက်စိုက်စက်တို့ဖြင့် မိုးစပါးသရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးသည် သီးနှံစိုက်စွမ်းအားနှင့် သီးထပ်စွမ်းအားတိုးတက်မှုပေါ် မူတည်လျက်ရှိနေသဖြင့် မြေလပ်မရှိ စိုက်ပျိုးသွားရန်နှင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ရန် ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးနှင့် တိုင်းဒေသကြီးမွေးမြူရေးနှင့် ကုသရေးဦးစီးမှူးတို့က စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မိုးစပါးစိုက်တောင်သူများအတွက် သွင်းအားစုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ကယားပြည်နယ် လွိုင်ကော်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်လှစ်

**လွိုင်ကော် ဇူလိုင် ၁၄**

မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် အရာထမ်း၊ အမှုထမ်း သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး သင်တန်းအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးကျော်ဆန်းဝင်းက လက်ခံရယူ၍ ပြည်နယ်ရွေးကောက်ပွဲအရာရှိက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ အသုံးပြုပုံနည်းစနစ်များ၊ မဲပေးစက်အသုံးပြုခြင်း အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား လွိုင်ကော်မြို့နယ်ခန်းမ၌ MEVM အသုံးပြုပုံများကို ပြည်နယ်ရွေးကောက်ပွဲအရာရှိက လက်တွေ့သရုပ်ပြ ရှင်းလင်းတင်ပြပြီး MEVM အသုံးပြုနည်း သင်တန်းဖွင့်လှစ်ပို့ချနေမှုနှင့် သင်တန်းသား သင်တန်းသူများက စိတ်ပါဝင်စားစွာ လက်တွေ့ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။

ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများကို ပထမအကြိမ်နှင့် ဒုတိယအကြိမ်တွင် သင်တန်းသား ၁၅၀ စီဖြင့်လည်းကောင်း၊ တတိယအကြိမ်တွင် သင်တန်းသား ၁၃၀ ဖြင့်လည်းကောင်း ဝန်ထမ်း ၄၃၀ တို့ကို သုံးကြိမ်ခွဲ၍ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ညောင်တုန်းမြို့နယ်ရှိ ကျေးလက်လမ်းတံတားလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ညောင်တုန်း ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်လမ်းတံတား လုပ်ငန်းများကို ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ကွင်းဆင်း ကြည့်ရှုရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (နေပြည်တော်)၊ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ ခရိုင်နှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တံတားတည်ဆောက်ရေး(ရုံးချုပ်)မှ တာဝန်ယူတည်ဆောက်မည့် သောင်တန်း-မောင်းစု ကျေးရွာချင်းဆက်လမ်းပေါ်ရှိ မောင်းစုချောင်း တံတားတည်ဆောက်ရေးလုပ်ငန်း အကောင်အထည်ဖော် မဆောင်ရွက်မီ အခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။




မြို့နယ်(ပြန်/ဆက်)

## ဧရာဝတီမြစ်ရေ ညောင်ဦးမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် ဇူလိုင် ၁၄**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

# ဒဂုံမြို့သစ်ခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ခရိုင်အဆင့်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင်အဆင့် အဆင့်မြင့်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ဒဂုံမြို့သစ် ခရိုင်မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုကြီးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တက်ရောက်ကြပြီး ဒဂုံမြို့သစ်ခရိုင်အတွင်း မြို့နယ်များရှိ ပရဟိတအသင်းအဖွဲ့များမှ သင်တန်းသား ၅၀ ဖြင့် ဇူလိုင် ၁၄ ရက်မှ ၂၅ ရက်အထိ ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

နေမျိုးအောင်

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် ဇူလိုင် ၁၄**

ယနေ့ မွန်းလွဲ၂ နာရီ ၃၆ မိနစ် ၃၈ စက္ကန့်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ မြောက်ဘက် ၂၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (မိုင်းခတ်မြို့၏ အရှေ့-အရှေ့တောင်ဘက် ၁၀ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၆၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၆၀ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၉ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၄**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် တာဝန်ရှိသူများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်၊ ဆွမ်းဦးပုညရှင်စေတီတော်၊ ရတနာစေတီဆင်မျှားရှင်ဘုရား၊ ထူပါရုံစေတီတော်နှင့် မဟာစေတီများရှိ ငလျင်ဒဏ်ကြောင့် ထိခိုက် ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ ကို ဘက်စုံပြန်လည်ပြုပြင်နေသည့် အခြေအနေများနှင့် စေတီတော်ပရိဝုဏ်အတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုအခြေအနေတို့ကိုလည်းကောင်း၊ ရတနာဒီပံချောင်၊ ပထမဂန္ဓာရုံကျောင်းတိုက်နှင့် ရွှေစေတီကျောင်းတိုက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုအခြေအနေတို့ကို လည်းကောင်း၊ စိန်ကုန်းရပ်ကွက်နှင့် ပန်းပဲတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံ အပြိုအပျက်များကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်အားပေးဆောင်ရွက်နေကြသူများအား အားဖြည့်အချိုရည်များ ပေးအပ်ကာ လိုအပ်သည်များကို



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် တာဝန်ရှိသူများ ရာဇမဏိစူဠာကောင်းမှုတော်၌ ဘက်စုံပြန်လည်ပြုပြင်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် စစ်ကိုင်းမြို့ သောတာပန်ရပ်ကွက်ရှိ ဇိနောဒယပရိယတ္တိစာသင်တိုက်ရှိ စစ်ကိုင်းတိုင်းဒေသကြီး တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကာရုဏိကနှင့် ဆရာတော် သံဃာတော်များအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲတို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဇိနောဒယပရိယတ္တိစာသင်တိုက်ရှိ ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီများကို တပ်မတော်ဆေးကုသရေးအဖွဲ့နှင့် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးမှ ဆေးကုသရေးအဖွဲ့တို့ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးခြင်း၊ ဆေးဝါးကုသပေးခြင်း၊ ခြင်ဆေးဖျန်းပေးခြင်း စသည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက် ဒက္ခိဏာရာမဘုရားကြီးတိုက်သို့ ရောက်ရှိပြီး ကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သိမ်ကျောင်းအားတပ်မတော်သားများက အင်တိုက်အားတိုက် ဖယ်ရှားရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း၊ အာနန္ဒာမြတ်စွာဘုရားဝင်းအတွင်း စေတီတော်အထက်ပိုင်းရှိ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနိုင်ရန်အတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်အားပေးဆောင်ရွက်ကြသူများအား စားသောက်ဖွယ်ရာများ ပေးအပ်ကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ Sky Villa သို့သွားရောက်၍ရှင်းလင်းရန်ကျန်ရှိနေသည့်“ A” ဆောင်အား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများကိုလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးကို စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်၊ အနီးပတ်ဝန်းကျင်ရှိ အဆောက်အအုံများကို ထိခိုက်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန်၊ လျှပ်စစ်မီးကြိုးများကို စနစ်တကျကြိုတင်ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ နေ့စဉ်အများပြည်သူအသုံးပြုမှုများသည့် လမ်းမကြီးများဖြစ်သည့်အတွက် လမ်းပိတ်ဆို့မှုမဖြစ်စေရေးနှင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်အခွန်ဦးစီးဌာနရုံးမှ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွန်ထမ်း ပြည်သူများအား ပြေစာ အမှတ်တံဆိပ်ဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် အခွန်အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့က အမှတ်(၂)ရပ်ကွက် အမှတ်(၁)



အခြေခံပညာ အထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲအခမ်းအနားတွင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဘော်က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဝင်းမာလာက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်သွားမည့် ကိစ္စနှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာ သိမှတ်ဖွယ်ရာများကို ပါဝါပွိုင့်ဖြင့်လည်းကောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး ဦးစီးအရာရှိဦးကျော်စွာညွန့်က ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## မြန်မာယူ-၂၃ အသင်း အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၁၄**

မြန်မာ ယူ-၂၃ အသင်းသည် ၂၀၂၅ အာဆီယံ ယူ-၂၃ ချန်ပီယံရှစ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် ဇူလိုင် ၁၄ ရက် နံနက်ပိုင်းက အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၂၃ အသင်းတွင် ဂိုးသမား-ဟိန်းထက်စိုး (ရောဂတီယူနိုက်တက်)၊ နိုင်လင်းအောင် (သစ္စာအားမာန်)၊ အောင်ပြည့်ဖြိုး (ဒဂုံစတားယူနိုက်တက်)၊ နောက်တန်း-မာတီးနို (အား/ကာသိပ္ပံ ယူ-၂၁)၊ ဝေယံလင်းသူ (ရောဝတီယူနိုက်တက်)၊ မြတ်ဖုန်းခန့် (သစ္စာအားမာန်)၊ ထူးဝေယံ၊ ခန့်ဇင်ဟိန်း (မဟာယူနိုက်တက်)၊ ဆင်မြူရယ်ဝိုင်ကီး(ရတနာပုံ)၊ စခန့်ချော(ဒဂုံစတားယူနိုက်တက်)၊ ခွန်ချိုထူး (ရန်ကုန်ယူနိုက်တက် ယူ-၂၁)၊ အလယ်တန်း-ရဲရင့်ဖြိုး (ရောဝတီယူနိုက်တက်)၊ အာကာကျော်၊ သာယာဝင်းထက်၊ ဇော်ဝင်းသိန်း (ရန်ကုန်ယူနိုက်တက်)၊ မိုးဆွေ၊ စွမ်းထက် (ဒဂုံစတားယူနိုက်တက်)၊ မင်းမော်ဦး၊ ရှိုင်းဝဏ္ဏအောင် (သစ္စာအားမာန်)၊ သန်းတိုးအောင် (ဟံသာဝတီယူနိုက်တက်)၊ ရှေ့တန်း-ဝင်းပြည့်မောင် (အား/ကာသိပ္ပံ)၊ စောမျိုးဇော် (သစ္စာအားမာန်)နှင့် ဖွဲ့မာန်သာ (ဟံသာဝတီယူနိုက်တက်) တို့ လိုက်ပါသွားသည်။ မြန်မာ ယူ-၂၃ အသင်းတွင် အုပ်ချုပ်/နည်းပြအဖွဲ့ဝင် ကိုးဦး၊ ကစားသမား ၂၃ ဦး လိုက်ပါသွားပြီး ပြိုင်ပွဲမတိုင်မီ နှစ်ရက်ကြိုတင်သွားရောက်ခြင်းဖြစ်သည်။ **ညီမြတ်သော်တာ**

## မော်လမြိုင်ကျွန်းမြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဗီနိုင်းချိတ်ဆွဲထားရှိမှု ကွင်းဆင်းစစ်ဆေး



**မော်လမြိုင်ကျွန်း ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ယနေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦး၊ အတွင်းရေးမှူး ရဲမှူးမိုးစိန်၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး ဦးစီးအရာရှိ ဒေါ်စုစုလှိုင်၊ မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးသန်းထိုက်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများပါဝင်ပြီး “နိုင်ငံကြီးသားပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ”ဟူသော ကြေညာချက်ဗီနိုင်းကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် ချိတ်ဆွဲထားရှိမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ရဲကိုမောင်(ပြန်/ဆက်)**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး။**

## သာကေတမြို့နယ်၌ အခွန်ထမ်းပြည်သူများအား အခွန်ထမ်းဆောင်အသိပညာပေးရှင်းလင်း

**ရန်ကုန် ဇူလိုင် ၁၄**

ရန်ကုန်တိုင်းဒေသကြီးသာကေတ မြို့နယ် သီရိမေမင်္ဂလာခန်းမ၌ အခွန်ထမ်းပြည်သူများအား အခွန်ထမ်းဆောင် အသိပညာပေး ရှင်းလင်းပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ဦးစွာ သာကေတမြို့နယ် အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးထွန်းမင်းလတ်က အခွန်အကြောင်း သိကောင်းစရာများအကြောင်း အသိပညာပေး ရှင်းလင်းဟောပြောသည်။

ထို့နောက် မြို့နယ်အခွန်ကောက်ခံမှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဖြည့်စွက်ပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာနက ကောက်ခံလျက်ရှိသော အခွန်အကြောင်း သိကောင်းစရာများ လက်ကမ်းစာစောင်နှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ လက်ကမ်းစာစောင်တို့ကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# လန်ဒန်ဆောက်သမ်လေဆိပ်၌ လေယာဉ်ပျက်ကျမှုဖြစ်ပွား၊ လေးဦးသေဆုံး



**လန်ဒန် ဇူလိုင် ၁၄**

ဇူလိုင် ၁၃ ရက်တွင် လန်ဒန် ဆောက်သမ်လေဆိပ်၌ လေယာဉ် ပျက်ကျမှုဖြစ်ပွားခဲ့ပြီး လေးဦး သေဆုံးခဲ့ကြောင်း ဒေသမီဒီယာ များတွင် ဖော်ပြသည်။ ရဲတပ်ဖွဲ့က သေဆုံးသူများကို မည်သူမည်ဝါ ဖြစ်ကြောင်း အတည်မပြုနိုင် သေးပေ။

၁၂ မီတာရှည်သည့် အဆိုပါ လေယာဉ်သည် ဘီးချ်ဘီ ၂၀၀ စူပါကင်းအဲယား အမျိုးအစား လေယာဉ်ဖြစ်ပြီး ဒတ်ချ်လေကြောင်း ထိန်းသိမ်းရေး ကုမ္ပဏီဖြစ်သည့် Zeusch ကုမ္ပဏီတွင် တပ်ဆင် ထုတ်လုပ်ကြောင်း သိရသည်။

လေယာဉ်သည် နယ်သာလန် နိုင်ငံ လီလေစတတ် လေဆိပ်သို့ ပျံသန်းစဉ် ဆုဇ် ၁ လေကြောင်း လိုင်း လေယာဉ်တစ်စင်းနှင့် တိုက်မိပြီး ပျက်ကျခဲ့ခြင်းဖြစ်သည်။

ပြင်းထန်သော မတော်တဆ မှုကြောင့် ဆောက်သမ်လေဆိပ်ကို ပိတ်ထားဆဲဖြစ်ကြောင်း သိရ သည်။ **ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံ၌ မိုးရွာသွန်းမှုနှင့်ဆက်စပ်သော ဖြစ်ရပ်များကြောင့် ၁၀၄ ဦးခန့်သေဆုံး၊ ၂၀၀ ထိခိုက်ဒဏ်ရာရ



**အစ္စလာမ္မာဘတ် ဇူလိုင် ၁၄**

ပါကစ္စတန်နိုင်ငံတစ်ဝန်း ဇွန် ၂၆ ရက်မှ ဇူလိုင် ၁၂ ရက်အတွင်း မိုးသည်းထန်စွာ ရွာသွန်း ပြီး ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၁၀၄ ဦးခန့် သေဆုံးကာ ၂၀၀ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားဘေးအန္တရာယ် စီမံ ခန့်ခွဲရေး အာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) က ဇူလိုင် ၁၃ ရက်တွင် ပြောသည်။

မိုးရွာသွန်းမှုနှင့် ဆက်စပ်သော ဖြစ်ရပ်များကြောင့် လွန်ခဲ့သော ၂၄ နာရီအတွင်း ခြောက်ဦး သေဆုံးကာ ၁၅ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း အင်န်ဒီအမ်အေက ပြောသည်။ နိုင်ငံ၏အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၌ ၃၉ ဦး သေဆုံးမှု ဖြစ်ပွားခဲ့သဖြင့် အများ ဆုံး သေဆုံးမှုဖြစ်ပွားခဲ့သည်။ ယင်းနောက်တွင် နိုင်ငံအနောက် မြောက်ပိုင်း ခိုင်ဘာပတ်ထွန်းခွာ ပြည်နယ်၌ ၃၁ ဦး၊ နိုင်ငံ တောင်ပိုင်း ဆင်းဒ်ပြည်နယ်၌ ၁၇ ဦးနှင့်နိုင်ငံအနောက်တောင်ပိုင်း ဘာလိုချစ်စတန်ပြည်နယ်၌ ၁၆ ဦး ဖြင့် အများဆုံးဖြစ်ကြောင်း သိရ သည်။

လာမည့်ရက်များအတွင်း မိုး ပိုမိုရွာသွန်းနိုင်ကြောင်း အာဏာ ပိုင်များက သတိပေးချက် ထုတ်ပြန်ထားပြီး မြေနိမ့်ပိုင်းဒေသ များနှင့်ရေကြီးမှုအန္တရာယ်ကြုံတွေ့ နိုင်သော ဒေသများတွင် နေထိုင် သည့် ပြည်သူများအနေဖြင့် ကြိုတင်ကာကွယ်ရေး အစီအမံ များ ဆောင်ရွက်ထားကြရန် တိုက်တွန်းနှိုးဆော်ထားသည်။

ရေကြီးရေလျှံမှုဒဏ် အဆိုး ရွားဆုံးခံရသည့် ဒေသများတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရ သည်။ **ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံ၌ စိတ်ကြွဆေး ၁၂၅ ကီလိုဂရမ် သိမ်းဆည်းရမိ

**ကဘူးလ် ဇူလိုင် ၁၄**

အာဖဂန် မူးယစ်ဆေးဝါးနှိမ်နင်း ရေးရဲတပ်ဖွဲ့သည် အာဖဂန် နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်မန် ပြည်နယ်၌ စစ်ဆင်ရေးများ ဆက်တိုက်ပြုလုပ်လျက်ရှိရာ စိတ် ကြွဆေး ၁၂၅ ကီလိုဂရမ်ကို သိမ်းဆည်းရမိကြောင်း ပြည်နယ် ပြန်ကြားရေးနှင့် ယဉ်ကျေးမှုဌာန က ဇူလိုင် ၁၃ ရက် နှောင်းပိုင်းက ထုတ်ပြန်ချက်တွင် ပြောကြား သည်။



ခန်းရှင်းခရိုင်၏ ဆင်ခြေဖုံး၌ တရားမဝင်ပစ္စည်းများ ရှာဖွေ တွေ့ရှိခဲ့ကြောင်း၊ အဆိုပါပစ္စည်း များနှင့်ဆက်စပ်၍ လူလေးဦး ဖမ်းဆီးထားကြောင်း ထုတ်ပြန် ချက်အရ သိရသည်။ အလားတူ ပြီးခဲ့သည့်လကလည်း အာဖဂန် ရဲတပ်ဖွဲ့သည် အနောက်ပိုင်း ဟီရတ် ပြည်နယ်၌ စိတ်ကြွဆေး ၄၈ ကီလိုဂရမ်ကို ရှာဖွေတွေ့ရှိခဲ့ ကြောင်း သိရသည်။

အာဖဂန် ကြားဖြတ်အစိုးရ သည် မူးယစ်ဆေးဝါးခြိမ်းခြောက် မှုအန္တရာယ်ကို ဖယ်ရှားရန် ဘိန်းပင်စိုက်ပျိုးခြင်း၊ မူးယစ် ဆေးဝါးပြုလုပ်ခြင်းနှင့် မူးယစ် ဆေးဝါးရောင်းဝယ် ခြင်းတို့ကို တားမြစ်ထားကြောင်း သိရသည်။

**ဆင်ဟွာ**

# မြို့တော်ဒေလီရှိ ကျောင်းသုံးကျောင်း ဗုံးခွဲခံရမည်ဟု ခြိမ်းခြောက်ခံရ

**နယူးဒေလီ ဇူလိုင် ၁၄**

အိန္ဒိယနိုင်ငံ မြို့တော်ဒေလီရှိ ကျောင်းသုံးကျောင်းအား ဇူလိုင် ၁၄ ရက်တွင် ဗုံးခွဲခံရမည်ဟု ခြိမ်းခြောက်ခံရပြီးနောက် အာဏာပိုင်များက ရဲတပ်ဖွဲ့များနှင့် ဗုံးရှင်းလင်းရေးအဖွဲ့များကို အဆိုပါကျောင်းများသို့ အလျင်အမြန်ပို့ဆောင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဗုံးခွဲမည့် ခြိမ်းခြောက်ဖုန်းခေါ်ဆိုမှုကို ပရာရှန့်ဗီဟာနှင့် ဒွါကာ အပိုင်း ၁၆ တွင်တည်ရှိသည့် အရန်ဗဟိုရဲတပ်ဖွဲ့ကျောင်းနှစ်ကျောင်း နှင့် ချာနာဂျာပူရီဒေသရှိ အိန္ဒိယရေတပ်ပိုင်ကျောင်းတစ်ကျောင်းတို့က လက်ခံရရှိခဲ့သည်။

အဆိုပါခြိမ်းခြောက်မှုများကို ရဲများ၏အဆိုအရ အမည်မသိသူ ပေးပို့သော အီးမေးလ်မှတစ်ဆင့် လက်ခံရရှိခဲ့သည်ဟု ဆိုသည်။

ဗုံးများရှာဖွေရန် အနံ့ခံခွေးများနှင့်အတူ ဗုံးရှင်းလင်းရေးအဖွဲ့များကို အခင်းဖြစ်ပွားရာနေရာများသို့ ချက်ချင်းစေလွှတ်ခဲ့သည်။

ရဲတပ်ဖွဲ့က ကျောင်းဝင်းအတွင်းနေရာအနှံ့ ရှာဖွေခဲ့သော်လည်း သံသယဖြစ်ဖွယ်မတွေ့ရသောကြောင့် ဗုံးခွဲမည့်ခြိမ်းခြောက်ဖုန်းခေါ် ဆိုမှုကို လှည့်ဖြားခေါ်ဆိုမှုတစ်ခုအဖြစ်သာ ထင်မြင်ယူဆခဲ့ကြသည်။

ရဲတပ်ဖွဲ့က အဆိုပါအမှုကို မှတ်တမ်းတင်ခဲ့ပြီး ခြိမ်းခြောက်မှုကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ အီးမေးလ်ပေးပို့သူ မည်သူမည်ဝါဖြစ် ကြောင်းကိုလည်း အင်တာနက်ပရိုတိုကောမှတစ်ဆင့် ခြေရာခံရှာဖွေ လျက်ရှိသည်။

လွန်ခဲ့သောနှစ်တွင်ပြုလုပ်ခဲ့သည့် လှည့်ဖြား ခြိမ်းခြောက်မှုများသည် နိုင်ငံတစ်ဝန်းရှိ လေကြောင်းလိုင်းများ၊ ကျောင်းများ၊ ဆေးရုံများနှင့် ဟိုတယ်များကို မငြိမ်မသက်ဖြစ်စေခဲ့သည်။

**ဆင်ဟွာ**

# အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ် မြို့တော်၌ မီးလောင်မှုဖြစ်ပွား၊ ကိုးဦးသေဆုံး

**ဝါရှင်တန် ဇူလိုင် ၁၄**

အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ် မြို့တော် ဖော်ရေဗာရှိ ကယ်ဆယ်ရေးစခန်းတစ်ခုတွင် မီးလောင်မှုဖြစ်ပွားပြီး နောက် ကိုးဦးသေဆုံးခဲ့ပြီး ဒါဇင်နှင့်ချီ ဆေးရုံပို့လိုက်ရကြောင်း ဖော်ရေဗာမီးသတ်ဌာနက ပြောသည်။

ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင် ပြုလုပ်သောသတင်းစာရှင်းလင်းပွဲ ၌ ဖော်ရေဗာမီးသတ်ဌာနအကြီးအကဲ ဂျက်ဖာရီဘေကွန်က မီးလောင်မှု ကြောင့် ကိုးဦးသေဆုံးကြောင်း အတည်ပြုခဲ့ပြီး ၃၀ ကျော်ဆေးရုံတင်ခဲ့ရ သည်ဟု ပြောသည်။

မီးသတ်သမားများရောက်ရှိချိန်တွင် ဂယ်ဘရီရယ်အဆောက်အအုံ ဝင်ပေါက်အထိ မီးများပျံ့နှံ့ပြီး အကြီးအကျယ်လောင်ကျွမ်းနေသည်ကို တွေ့ရှိခဲ့သည်ဟု ဖော်ရေဗာမီးသတ်ဌာနက ပြောသည်။

မီးငြိမ်းသတ်မှုတွင် မီးသတ်သမားများလည်း ဒဏ်ရာအနည်းငယ် ရရှိခဲ့သည်။ အဆိုပါအဆောက်အအုံ၌ လူ ၇၀ ခန့် နေထိုင်လျက် ရှိသည်။

မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှား၌ ပြင်းအား ၆ ဒသမ ၉ အဆင့်ရှိ ငလျင်လှုပ်

**ဂျကာတာ ဇူလိုင် ၁၄**

အင်ဒိုနီးရှားနိုင်ငံ အရှေ့တောင်ဘက်တွင်တည်ရှိသည့် မာလူကူပြည်နယ် ၏အနောက်တောင်ဘက်ပင်လယ်ပြင်၌ ဇူလိုင် ၁၄ ရက် ဒေသစံတော်ချိန် ည ၁၂ နာရီ ၄၉ မိနစ်က ပြင်းအား ၆ ဒသမ ၉ အဆင့်ရှိ ငလျင်လှုပ်ခဲ့ ကြောင်း မိုးလေဝသ၊ ရာသီဥတုဗေဒနှင့် ဘူမိရူပ အေဂျင်စီ (ဘီအမ်ကေဂျီ) က ထုတ်ပြန်ထားသည်။

ငလျင်ဗဟိုချက်မှာ အရှေ့တောင်မာလူကူ၏ အနောက်တောင်ဘက် ၁၇၀ ကီလိုမီတာအကွာတွင်တည်ရှိပြီး ငလျင်အနက်မှာ ၁၀၈ ကီလိုမီတာရှိကြောင်း ဘီအမ်ကေဂျီက ၎င်း၏တရားဝင်ဝက်ဘ်ဆိုက်တွင် ပြောကြားသည်။

ပစိဖိတ် မီးတောင်ရပ်ဝန်းတွင်တည်ရှိသည့် အင်ဒိုနီးရှားနိုင်ငံသည် မကြာခဏ ငလျင်များလှုပ်ခတ်လေ့ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## စဉ့်ကိုင်မြို့နယ်၌ နှမ်းများ လှိုင်လှိုင်ထွက်ပေါ်၍ အကျိုးအမြတ်ရရှိ



မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်လျက်ရှိပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိကြောင်း၊ ဆီထွက်သီးနှံတစ်မျိုးဖြစ်သော နှမ်းကို မြို့နယ်အတွင်း ၂၃၄၄၄ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရပြီး ယခုအချိန်တွင် နှမ်းများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

နှမ်းကို မတ်လနှင့် ဧပြီလများတွင် စိုက်ပျိုးပြီး ဇွန်လနှင့် ဇူလိုင်လများတွင် ထွက်ပေါ်ကြောင်း၊ မျိုးအနေဖြင့် နှမ်းဖြူ နှမ်းညို၊ နှမ်းနက်မျိုးများဟူ၍ ရှိပြီး နှမ်းဖြူမျိုးများကို အများဆုံး စိုက်ပျိုးကြကြောင်း၊ နှမ်းကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ သုံးပြည်ခန့် ကုန်ကျကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် လေးသိန်းခန့်ကုန်ကျကြောင်း၊ ယခုအချိန်တွင် နှမ်းများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိရာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၈-၉ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တိုက်ရိုက်တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းကျော်ခန့် ရရှိရာ ယခုနှစ်တွင် မိုးရွာသွန်းမှုများပြားသောကြောင့် နှမ်းများ အထွက်နှုန်း လျော့နည်းသော်လည်း ဈေးနှုန်းများ ကောင်းမွန်သောကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ရရှိကြောင်း နှမ်းစိုက်ပျိုး တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA (မန္တလေး)**

## နဂါးမောက်သီး စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဥယျာဉ်ခြံမြေများ၌ နဂါးမောက်သီးကို စိုက်ပျိုးကြကြောင်း သိရသည်။

နဂါးမောက်သီးနှံကို အစိုဓာတ်ကောင်းမွန်သော မိုးရာသီတွင် စိုက်ပျိုးကြပြီး မျိုးအနေဖြင့် နဂါးမောက်ကိုင်းကူးပင်များကို ဝယ်ယူစိုက်ပျိုးပြီး ခြောက်လခန့်အကြာတွင် အသီးများစတင်သီးကြောင်း၊ နဂါးမောက်ကိုင်းကူးပင်များကို ပင်ခြား ၇ ပေ၊ တန်းခြား ၈ ပေအကွာဖြင့် စိုက်ပျိုးကြပြီး တစ်ဧကလျှင် နဂါးမောက်အပင်ရေ ၂၀၀-၂၅၀ ခန့် ဝင်ဆံ့စိုက်ပျိုးရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၂၅ သိန်းခန့် ကုန်ကျပြီး တစ်ဧကလျှင် နဂါးမောက်သီးအလုံး ၁၄၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိသစ်သီးဆိုင်များသို့ တင်ပို့ ရောင်းချကြပြီး တစ်ဧကလျှင် ငွေကျပ် ၁၇ သိန်းကျော်ခန့်အမြတ်ရရှိရာ နဂါးမောက်သီးသည် နှစ်ရှည်သီးနှံတစ်မျိုးဖြစ်ပြီး နဂါးမောက်သီးနှံစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိကာ နှစ်စဉ်ဝင်ငွေရရှိကြောင်း သိရသည်။ **DOCA (မန္တလေး)**

## အထက်မင်းလှမြို့နယ်၌ ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ပန်းတော်ပြင်ကျေးရွာအုပ်စုရှိ ဥယျာဉ်ကျေးရွာ၌ စိုက်ပျိုးမှုကုန်ကျစရိတ်သက်သာ၍ ပြည်ပဝယ်လိုအားကောင်းသော ပဲစင်းငုံကို ဧက ၂၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။

ပဲစင်းငုံကို မေလတွင် စတင်စိုက်ပျိုးပြီး ခြောက်လခန့်အကြာတွင် ရိတ်သိမ်းရကြောင်း၊ ပဲစင်းငုံကို သီးထပ်သီးညှပ်စိုက်ပျိုးမှုနှင့် သီးသန့်စိုက်ပျိုးမှုဟူ၍စိုက်ပျိုးကြပြီး ပဲစင်းငုံအနီမျိုးများကို ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် သီးညှပ်စိုက်ပျိုးထားရှိကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ်တစ်သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပဲစင်းငုံ ၁၀ တင်းခန့် ထွက်ရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ပေါ်ရှိ ပဲပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ပဲစင်းငုံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး သီးနှံထွက်ပေါ်ချိန်တွင် အထွက်နှုန်းနှင့်ဈေးနှုန်းများ ကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပဲစင်းငုံစိုက်တောင်သူတစ်ဦးထံမှ သိရသည်။ **DOCA (မကွေး)**

## ရုံးပတီသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိကြောင်း၊ စိုက်ပျိုးရန်လွယ်ကူသော ရုံးပတီသီးကို မိသားစုအပိုဝင်ငွေရရှိရန်အတွက် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။



ရုံးပတီသီးနှံကို ရာသီမရွေးစိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ပင်ပုမျိုး၊ ပင်လတ်မျိုး၊ ပင်မြင့်မျိုးများဖြစ်ပြီး ပင်လတ်ရုံးပတီမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် တန်းခြား ၂ ပေ၊ ပင်ခြား ၁ ပေခွဲထား၍ ပေါင်ခတ်စနစ်ဖြင့် စိုက်ပျိုးရပြီး ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၂၂၀၀၀ ခန့် ကုန်ကျကြောင်း၊ ရုံးပတီသီးကို တစ်ရက်ခြားတစ်ကြိမ်ခူးဆွတ်ရပြီး တစ်ဧကလျှင် စုစုပေါင်းရုံးပတီသီးအတောင့်ရေ ၁၂၈၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူသည့်အပြင် ပဲခူးမြို့သို့လည်း တင်ပို့ရောင်းချကြကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းကျော်ခန့်ရရှိကြောင်း၊ ယခုနှစ်တွင် ရေကြီးနစ်မြုပ်မှုများကြောင့် အထွက်နှုန်းများလျော့နည်းခဲ့ကြောင်း၊ ရုံးပတီသီးသည် စိုက်ပျိုးရလွယ်ကူပြီး အကျိုးအမြတ်ရရှိသောကြောင့် တောင်သူများအနေဖြင့် မိသားစု အပိုဝင်ငွေရရှိကြောင်း သိရသည်။ **DOCA (ပဲခူး)**

### ၁၄-၇-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ (ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ဈေးတံခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၂၈၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၂၈၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၂၀၀၀ |
| ၂ | လားရှိုး | ၅၀၀၀ | | ၈၀၀၀ | | ၇၉၇၉ | ၂၅၀၀၀ | ၃၅၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၈၀၀၀ | ၃၅၀၀၀ | ၄၀၀၀၀ | |
| ၃ | ကျိုင်းတုံ | ၅၂၀၀ | | ၇၇၀၀ | ၂၃၀၀၀ | – | ၁၆၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၄၃၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၆၉၃၇ | ၁၈၀၀၀ | ၂၂၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၂၀၀၀ | ၃၆၀၀၀ | ၂၂၀၀၀ |
| ၅ | လွိုင်ကော် | ၄၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၆၇၅၀ | ၁၆၀၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၄၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၄၀၀၀ |
| ၆ | ဘားအံ | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၃၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၆၇၃၂ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၂၀၀ | | ၅၅၀၀ | ၂၇၀၀၀ | ၇၁၅၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | | ၆၀၀၀ | ၇၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၃၅၀၀၀ | |
| ၉ | မြိတ် | ၃၁၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၂၉၀ | ၁၃၅၀၀ | ၂၃၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | | ၆၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၂၃၀၀၀ | ၃၅၀၀၀ | ၂၇၀၀၀ | ၄၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၄၀၀ | ၁၂၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၆၈၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၅၄၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၃၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၈၅၀ | ၂၃၀၀၀ | ၆၈၀၀ | ၉၅၀၀ | ၁၈၀၀ | ၉၅၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၅၀၀၀ |
| ၁၂ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | – | ၆၅၀၀၀ | ၈၅၀၀ | ၂၇၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၇၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၃ | မုံရွာ | ၃၇၀၀ | | ၆၆၀၀ | ၁၈၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၂၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၅၅၀၀ | ၂၂၀၀ | ၉၈၀၀ | ၇၂၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၃၁၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ |
| ၁၄ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၁၁၅ | ၁၂၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၅၀၀ | ၉၃၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၁၈၀၀၀ |
| ၁၅ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၆၈၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၁၃၀၀ | ၁၂၀၀၀ | | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၁၅၀၀၀ |
| ၁၆ | မကွေး | ၃၄၀၀ | | ၆၄၀၀ | ၁၇၀၀၀ | ၆၉၁၀ | ၁၁၀၀၀ | ၁၄၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၈၈၀၀ | ၇၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၇ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၆၇၉၀ | ၁၁၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၅၀၀ | | ၆၇၀၀ | ၉၀၀၀ | ၃၆၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၈ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၇၉၀ | ၁၀၀၀၀ | ၁၈၀၀ | ၈၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၁၅၀၀ | ၉၀၀၀ | ၆၇၀၀ | ၉၀၀၀ | ၃၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၉ | ပျဉ်းမနား | ၂၈၀၀ | | ၆၀၀၀ | ၁၉၆၀၀ | ၆၇၂၆ | ၁၅၈၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၁၂၀၀ | ၁၁၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၁၀၀၀ | ၆၄၀၀ | ၈၂၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၇၂၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၀၀၀ | ၁၅၇၀၀ |
| ၂၀ | နေပြည်တော် | ၂၈၀၀ | | ၆၀၀၀ | ၁၉၈၀၀ | ၆၇၂၆ | ၁၆၀၀၀ | ၂၀၀၀ | ၁၀၄၀၀ | ၁၁၅၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၁၄၀၀ | ၆၄၀၀ | ၈၅၀၀ | ၄၂၀၀ | ၅၅၀၀ | ၁၇၄၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၅၉၀၀ |
| ၂၁ | ကလေး | ၃၂၀၀ | | | ၂၀၀၀၀ | ၉၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၅၃၀၀၀ | ၂၀၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# သဘာဝအလှတရားသာမက ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တို့ ယှဉ်တွဲတည်ရှိရာ အန်းဟွေးပြည်နယ် ဟွမ်ရှန်းမြို့သို့ အလည်တစ်ခေါက်ရောက်ခဲ့ရာဝယ်

လင်းလင်း

တရုတ်နိုင်ငံ ပေကျင်းမြို့မှ ညနေ ၅ နာရီထွက်လာတဲ့ လေယာဉ်က အန်းဟွေး (Anhui) ပြည်နယ် ဟွမ်ရှန်း (Huangshan) မြို့ကို ည ၇ နာရီကျော်လောက်မှာ ရောက်ပါတယ်။

အန်းဟွေးပြည်နယ်က တရုတ်နိုင်ငံအရှေ့ပိုင်းက ပြည်နယ်တစ်ခုဖြစ်ပြီး ယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝအလှတရားနဲ့ အထင်ကရနေရာများစွာ တည်ရှိတဲ့အတွက် နိုင်ငံတကာခရီးသွားတွေ အထူးစိတ်ဝင်စားလာရောက်လေ့ရှိတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။

### ရှေးဟောင်းရွာတွေ တည်ရှိ

အန်းဟွေးပြည်နယ်ရဲ့ တောင်ပိုင်းမှာ တည်ရှိတဲ့ ဟွမ်ရှန်းမြို့က နာမည်ကျော်ကြားပြီး ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနဲ့ ယဉ်ကျေးမှုအဖွဲ့ (UNESCO) က ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် အသိအမှတ်ပြုထားတဲ့ ဟွမ်ရှန်းတောင် (Yellow Mountain) နဲ့ Hongcun ကဲ့သို့ ရှေးဟောင်းရွာတွေ တည်ရှိပါတယ်။

အန်းဟွေးပြည်နယ် ဟွမ်ရှန်းမြို့မှာ ကျင်းပတဲ့ ၂၀၂၅ RCEP ဒေသဆိုင်ရာအစိုးရတွေနဲ့ မိတ်ဖက်မြို့များ ပူးပေါင်းဆောင်ရွက်ရေး(ဟွမ်ရှန်း) ဖိုရမ် တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာသတင်းဆက်သွယ်ရေးစင်တာ (China International Press Communication Center–CIPCC) အစီအစဉ်နဲ့ ရောက်ရှိခဲ့တာ ဖြစ်ပါတယ်။

ဟွမ်ရှန်းမြို့က ဧရိယာ ၉၆၇၈ စတုရန်းကီလိုမီတာကျယ်ဝန်းပြီး လူဦးရေ ၁ ဒသမ ၃၂ သန်း နေထိုင်ကြပါတယ်။ ဟွမ်ရှန်းမြို့မှ ကားနဲ့ တစ်နာရီလောက်ခရီးနှင်ရတဲ့ ဟွမ်ရှန်းတောင်ကို သွားရောက်လည်ပတ်ခွင့်ရခဲ့ပါတယ်။ ဟွမ်ရှန်းတောင်က ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၁၀၀၀ ကျော်မြင့်တဲ့ ကျောက်တောင် ၈၈ လုံးရှိပြီး နှစ်သန်းပေါင်း ၁၀၀ ကျော်ကြာ ဖြစ်တည်လာခဲ့သော သဘာဝအံ့ဖွယ်နေရာတစ်ခု ဖြစ်တယ်လို့ သိရပါတယ်။

### အဓိကတောင်ထိပ်သုံးခုရှိ

ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်အဖြစ် ၁၉၉၀ ပြည့်နှစ်မှာ အသိအမှတ်ပြုခဲ့ပြီး ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၁၈၀၀ ကျော်မြင့်တဲ့ Lotus Peak ၊ Bright Peak နဲ့ Heavenly Peak လို့ခေါ်တဲ့ အဓိကတောင်ထိပ်သုံးခုရှိပါတယ်။

**“တရုတ်ရိုးရာပန်းချီကားထဲက နတ်သမီးတောင်ကြီးကို လက်တွေ့မြင်ချင်ရင် ဟွမ်ရှန်းတောင်ကို သွားရမယ်။ ဒီတောင်ဟာ စကြဝဠာက လူသားတွေအတွက် ဖန်တီးပေးထားတဲ့ အလှဆုံးလက်ဆောင်တစ်ခုဖြစ်တယ်”လို့** ဆိုကြပါတယ်။

ဟွမ်ရှန်းတောင် (Yellow Mountain) ကို သွားရာလမ်းဘေးဝဲယာမှာ စနစ်တကျ အတန်းလိုက် စိုက်ပျိုးထားတဲ့ တစ်ပေခွဲ၊ နှစ်ပေအမြင့်ရှိတဲ့ စိုက်ခင်းများစွာကို တွေ့ရပါတယ်။ လက်ဖက်ခြောက်အတွက် စိုက်ပျိုးထားတဲ့ လက်ဖက်ပင်တွေဖြစ်ကြောင်းနဲ့ အပင်တွေမှာ အဝါရောင်စာရွက်တွေ ကပ်ထားခြင်းက အော်ဂဲနစ်စစ်စစ်ဖြစ်ကြောင်း ခရီးသွားလမ်းညွှန်အမျိုးသမီးလေးက ရှင်းပြပါတယ်။

တောင်ခြေရောက်တဲ့အခါ တောင်တက်ကားတွေကို ပြောင်းစီးကြရပြီး အသဲထိတ်စရာ အကွေ့အကောက်များတဲ့ တောင်တက်လမ်းအတိုင်း မိနစ် ၂၀ ဝန်းကျင် ခရီးဆက်ကြရပါတယ်။ ပြီးတဲ့နောက် Cable car တွေနဲ့ တောင်တက်ခရီးစဉ် စတင်ပါတယ်။

**“ဟွမ်ရှန်းမြို့က ဧရိယာ ၉၆၇၈ စတုရန်းကီလို မီတာကျယ်ဝန်းပြီး လူဦးရေ ၁ ဒသမ ၃၂ သန်း နေထိုင်ကြပါတယ်။ ဟွမ်ရှန်းမြို့မှ ကားနဲ့ တစ်နာရီ လောက် ခရီးနှင်ရတဲ့ ဟွမ်ရှန်းတောင်ကို သွားရောက်လည်ပတ်ခွင့်ရခဲ့ပါတယ်။ ဟွမ်ရှန်းတောင်က ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၁၀၀၀ ကျော် မြင့်တဲ့ ကျောက်တောင် ၈၈ လုံးရှိပြီး နှစ်သန်းပေါင်း ၁၀၀ ကျော်ကြာ ဖြစ်တည်လာခဲ့သော သဘာဝအံ့ဖွယ်နေရာတစ်ခု ဖြစ်တယ်လို့ သိရပါတယ်”**



Hongcun ရှေးဟောင်းရွာ။

တောင်တက်ရာလမ်းတစ်လျှောက် တိမ်ယံဖောက်မတတ် ကျောက်ဆောင်တွေရဲ့ ထူးခြားလှတဲ့ပုံစံတွေ၊ မြင့်မားမက်စောက်တဲ့ တောင်ကမ်းပါးယံတွေ၊ နက်ရှိုင်းလှတဲ့ ချိုင့်ဝှမ်းတွေ၊ ကျောက်ဆောင်တွေကြားမှာ ထူးဆန်းစွာ ပေါက်ရောက်ရှင်သန်နေတဲ့ ထင်းရှူးပင်တွေ၊ စိမ်းစိုနေတဲ့ သစ်ပင်သစ်တောနဲ့ တောင်တန်းကြီးတွေကို မြင်တွေ့ကြရပါတယ်။

သဘာဝမြင်ကွင်းရှုခင်းတွေက ငေးမော၍မဆုံးဖြစ်ရသလို မြေပြင်မှ အမြင့်ပေပေါင်းများစွာကို ရောက်ရှိနေတဲ့အတွက် အသည်းအေးစရာကောင်းလှပါတယ်။

### သဘာဝအတိုင်းတည်ရှိနေတဲ့ ရှုကွင်း ရှုကွက်တွေကြောင့် ရုပ်ရှင်ဇာတ်ကားတွေကို လာရောက်ရိုက်ကူးလေ့ရှိ

သဘာဝအတိုင်းတည်ရှိနေတဲ့ ဒီလို ရှုကွင်းရှုကွက်တွေကြောင့် ကမ္ဘာကျော်ဟောလီးဝုဒ်ရုပ်ရှင် **"Crouching Tiger, Hidden Dragon"** လို ရုပ်ရှင်ဇာတ်ကားတွေကို လာရောက်ရိုက်ကူးလေ့ရှိတယ်လို့ သိရပါတယ်။

Cable car ရပ်နားစခန်းကို ရောက်ရှိပြီးတဲ့နောက် တောင်ထိပ်ပေါ်ကို လမ်းလျှောက်ပြီး တက်ကြရပါတယ်။ ဘေးဘက်မှာ ချောက်နက်နက်တွေရှိပေမယ့် ခိုင်ခံ့တဲ့ အကာအရံလက်ရမ်းရှိတဲ့ ကျောက်လှေကားထစ်တွေနဲ့ ဖောက်လုပ်ထားတဲ့ လူသွားလမ်းအတိုင်း တက်ကြရပါတယ်။ လှေကားထစ်ပေါင်း ခြောက်သောင်းခန့်ရှိတယ်လို့ သိရပြီး ဘေးဘက်ကို ကြည့်လိုက်ရင် တိမ်ခိုးမျှင်စတွေ ရွေ့လျားနေတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း **ကမ္ဘာပေါ်မှာ အလှပဆုံးသော တောင်တက်လမ်းလို့ ဆိုစမှတ်ပြုကြတာလို့ ထင်ပါတယ်။**

### တောင်တက်ခရီးက ပျော်စရာကောင်း

တချို့နေရာမှာ လှေကားပြေပြေ၊ တချို့နေရာက မက်စောက်ပြီး လေကတဟူးဟူး တိုက်ခတ်နေပါတယ်။ ကျိုက်ထီးရိုးဘုရားဖူးခရီးလို မတက်နိုင်သူတွေအတွက် အထမ်းတွေနဲ့ တက်ကြတာတွေရှိပြီး တစ်ဦးနဲ့တစ်ဦး စကြနောက်ကြရင်း တောင်တက်ခရီးက ပျော်စရာကောင်းလှပါတယ်။

တောင်ထိပ်ပေါ်သို့ရောက်တဲ့အခါ လျှောင်းတော်မူ မြတ်စွာဘုရားသဏ္ဌာန်ကျောက်ဆောင်၊ ဘုရားကျောင်းနဲ့ ကျောက်ဆောင်ကြီးတွေရဲ့အကြားမှာ ပေါက်ရောက်ရှင်သန်နေတဲ့ နှစ်ပေါင်းတစ်ထောင်ကျော်သက်တမ်းရှိ Huangshan Pine Tree (ထင်းရှူးပင်)ကြီးကို အံ့ဩဖွယ်တွေ့မြင်ရပါတယ်။

နေထွက်ချိန်တိမ်တွေကြားက ရွှေဝါရောင်နေမင်းပေါ်ထွက်လာပုံ၊ နေဝင်ချိန် လိမ္မော်ရောင်တောက်တောက်နေအရှိန်က ကျောက်ဆောင်ကြီးတွေအပေါ် ဖြာကြနေပုံနဲ့ ဆည်းဆာနေဝင်ချိန်တွေကို ကြည့်ရှုခံစားနိုင်မှာဖြစ်ပါတယ်။ တစ်ခါတစ်ရံ တောင်ထိပ်တစ်ခုလုံး တိမ်တွေဖုံးလွှမ်းသွားတဲ့အခါ တိမ်ပင်လယ်ထဲရောက်သွားပြီး တိမ်တွေပေါ်မှာ လမ်းလျှောက်နေသလို၊ အာကာသထဲရောက်နေသလို

စာမျက်နှာ ၁၇ သို့





ဟွမ်ရှန်းတောင်သို့ လာရောက်လေ့လာကြသည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကို တွေ့ရစဉ်။

## မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုနည်း သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲကျင်းပ

**ပန်းတနော် ဇူလိုင် ၁၄**

မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ပန်းတနော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ရွှေနော်သီရိ ခန်းမ၌ကျင်းပရာ ပန်းတနော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲသို့ ပန်းတနော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့နယ်အတွင်းရှိမဲရုံများတွင် မဲပေးစက်ကိုင်တွယ်မည့် သင်တန်းသား သင်တန်းသူများ စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့ကြပြီး သင်တန်းကို နှစ်ရက်ကြာကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မော်ဘီမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်( MEVM) ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်လှစ်

**မော်ဘီ ဇူလိုင် ၁၄**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုနည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးဝင်းစိုးက သင်တန်းဖွင့် အမှာစကားကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး ဒေါ်တင်ဇာလွင်က မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ တက်ရောက်လာသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂)ဦးဝင်းစိုး၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာလုပ်ငန်းအဖွဲ့များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဌာနဆိုင်ရာများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးလေ့လာခဲ့ကြောင်း သိရသည်။

သင်တန်းကို သင်တန်းအပတ်စဉ်အလိုက် နှစ်ရက်သင်တန်းများ ဆက်လက်၍ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **ကောင်းမြတ်သူ(မော်ဘီ)**

## ဖျာပုံမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ခင်းကျင်းနိုင်ရေး တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး



**ဖျာပုံ ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၉၉ ဒသမ ၈၉၆ သန်းဖြင့် ဆောင်ရွက်မည့် ပဆင-သလိပ်ကြီး-တူးမြောင်း-ဂျိုဝါကြံခင်းလမ်း (၀/၃ ဒသမ ၆) မိုင်မှ (၀/၅ ဒသမ ၆) မိုင်အထိ လမ်းအရှည် ၀ ဒသမ ၄၀၂ ကီလိုမီတာ၊ အကျယ် ၄ ဒသမ ၈၈ မီတာ၊ ဒု ၃၅၀ မီလီမီတာ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို အရည်အသွေး၊ အတိုင်းအတာပြည့်မီစွာဖြင့် သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အချိန်မီ ပြီးစီးနိုင်ရေးအတွက် ယမန်နေ့က ဖျာပုံခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

**အောင်ဝင်းနိုင် (ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်( MEVM) ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်

**ကျောက်တန်း ဇူလိုင် ၁၄**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ မြို့နယ်အဆင့်သင်တန်းဖွင့်ပွဲကို ကျောက်တန်းမြို့နယ် ရွှေမော်ဂန်းသာသနာ့ဗိမာန်ခန်းမ၌ ဇူလိုင် ၁၄ ရက်တွင် ကျင်းပပြီး သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ကျောက်တန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးချမ်းမြေ့ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာ မြို့နယ်အဆင့် လုပ်ငန်းအဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး၊ သင်တန်းနည်းပြများနှင့် ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား သင်တန်းသူ ၁၀၉ ဦး တက်ရောက်ခဲ့သည်။



သင်တန်းကာလမှာ ဇူလိုင် ၁၄ ရက်မှ ၁၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး သင်တန်းတွင် အီလက်ထရောနစ်မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုခြင်း၊ အီလက်ထရောနစ်မဲပေးစက်ဖွဲ့စည်းတည်ဆောက်ပုံ၊ အီလက်ထရောနစ်မဲပေးစက်များ စစ်ဆေးခြင်း၊ ရွေးကောက်ပွဲနေ့မတိုင်မီ မဲရုံတွင် မဲပေးစက်များ ကြိုတင်ပြင်ဆင်ခြင်းနှင့်စမ်းသပ်ခြင်း၊ ရွေးကောက်ပွဲကျင်းပမည့်နေ့တွင် စမ်းသပ်မဲပေးခြင်း၊ မဲပေးချိန်တွင် မဲပေးစက်များကိုင်တွယ်ခြင်း အရန်စက်လဲလှယ်ရန် အခြေအနေ၊ မဲပေးရေတွက်ခြင်း၊ မဲပေးနေစဉ်အတွင်း အရေးပေါ်ကိစ္စရပ်များဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်လုပ်ငန်းများ ဆန္ဒမဲဖြတ်ပိုင်းများ ရေတွက်ရမည့်အခြေအနေ သင်ခန်းစာများကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သန့်ဇင်ထွန်း (ကျောက်တန်း)**

## ပြည်ကြီးတံခွန်မြို့နယ်၌ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား Biometric (UID) ကတ်များ ပြုလုပ်ပေး

**ပြည်ကြီးတံခွန် ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဃ)ရပ်ကွက် ၆၁ လမ်းနှင့် ၁၁၇ လမ်းထောင့်ရှိ ဓမ္မာရုံ၌ ဇူလိုင် ၁၄ ရက်က နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များအား Biometric (UID) ကတ်ကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်မှူး ဦးအောင်သွင်ဦးစီး၍ ဝန်ထမ်းငါးဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်နှင့် ဝန်ထမ်း ၁၀ ဦး၊ ဌာနအသီးသီးမှ အငြိမ်းစားယူခဲ့သည့် နိုင်ငံ့ဝန်ထမ်း ၈၅ ဦး စုစုပေါင်း ၁၀၀ ခန့်ဖြင့် ဆောင်ရွက်ပေးသည်။

အခမ်းအနားသို့ မဟာအောင်မြေခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမင်းထွန်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးဝင်းအောင်မျိုး၊ အဖွဲ့ဝင်(၂) ဦးသောင်းနိုင်၊ အတွင်းရေးမှူး ရဲမှူးဇေယျာသန်းတို့ တက်ရောက်ခဲ့ပြီး ခရိုင်လဝက ဦးစီးမှူးက Biometric (UID) ကတ် ပြုလုပ်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ ** JJJ**



## သမင်ခြံ-အစုကြီးလမ်း မြေသားလမ်းခင်းခြင်းလုပ်ငန်း တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မြောင်းမြ ဇူလိုင် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ကျေးလက်လမ်းများ ဆောင်ရွက်နေမှုအား တာဝန်ရှိသူများက ဇူလိုင် ၁၂ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြောင်းမြမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် Sp & Son Co.,Ltd. က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်-ပွဲညှက်စမ်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းနှင့် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် စည်သူကျော်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် သမင်ခြံ-အစုကြီးလမ်း မြေသားလမ်းခင်းခြင်းလုပ်ငန်းတို့ကို ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ ဦးစီးအရာရှိ(မြို့ပြ)နှင့် DRRD QC တာဝန်ခံတို့က လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **ဇေယျာ(မြောင်းမြ)**



*စာမျက်နှာ ၁၆ မှ*

ခံစားမှုရသတွေကို ရရှိစေမှာ ဖြစ်ပါတယ်။

ဒီလိုသဘာဝအလှအပတွေကြောင့် ဟွမ်ရှန်းတောင်ကို ပြည်တွင်းပြည်ပခရီးသွားတွေ လာရောက်လည်ပတ်လေ့ရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်မီက နှစ်စဉ် နိုင်ငံတကာခရီးသွား ၃ ဒသမ ၅ သန်းခန့်အထိ လာရောက်ခဲ့တယ်လို့ သိရပါတယ်။

ဟွမ်ရှန်းတောင်ကို လေ့လာလည်ပတ်ပြီးနောက် ၂၀၀၀ ပြည့်နှစ်မှာ ယူနက်စကိုက ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် သတ်မှတ်ခဲ့တဲ့ Hongcun ရှေးဟောင်းရွာကို ရောက်ရှိခဲ့ပါတယ်။ ရှေးအခါက ကုန်သည်တွေရဲ့ အိမ်တွေနဲ့ ရိုးရာယဉ်ကျေးမှုပစ္စည်းတွေ၊ လက်မှုပစ္စည်းတွေ၊ ဒေသထွက်အစားအစာတွေ၊ ရှေးဟောင်းပစ္စည်းအရောင်းဆိုင်တွေကို တွေ့ရပါတယ်။ ရေကန်တွေ၊ တောင်တွေနဲ့ ပန်းချီကားတစ်ချပ်သဖွယ်တည်ရှိနေတဲ့ ရွာလေးပဲဖြစ်ပါတယ်။

အေးချမ်းလှပတဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ကျေးရွာတွေ၊ လူသားတွေနေထိုင်ဖို့ နတ်ဘုရားတွေ ချန်ထားခဲ့တဲ့ ဥယျာဉ်တစ်ခုပဲလို့ ခံစားရစေမယ့် ဟွမ်ရှန်းတောင်(Yellow Mountain) တို့က သဘာဝအံ့ဖွယ်အလှတရားသာမက ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တို့ ယှဉ်တွဲတည်ရှိရာ နေရာတွေဖြစ်တဲ့အတွက် လေ့လာလည်ပတ်သူများပြားသလို ခရီးစဉ်ဒေသတွေ ရေရှည်တည်တံ့ခိုင်မြဲရေး စောင့်ထိန်းလိုက်နာကြတာကိုလည်း တွေ့ရပါတယ်။

မြန်မာနိုင်ငံမှာလည်း သဘာဝအတိုင်း မပျက်မယွင်းတည်ရှိနေတဲ့ ပင်လယ်ကမ်းခြေတွေ၊ ရေအောက်ရှုခင်းတွေကို လေ့လာနိုင်တဲ့ မြိတ်ကျွန်းစုဒေသတွေ၊ သာယာလှပတဲ့တိမ်ပင်လယ်တွေ၊ ရေခဲဖုံးလွှမ်းနေတဲ့ တောင်တန်းတွေ၊ တောင်တက်ခရီးစဉ်တွေ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် နယ်မြေတွေစတဲ့ နေရာဒေသများစွာနဲ့ တိုင်းရင်းသားတွေရဲ့ မတူကွဲပြားတဲ့ ယဉ်ကျေးမှုဓလေ့စရိုက်တွေ၊ ရိုးရာပွဲတော်တွေက ခရီးသွားတွေအတွက် စိတ်ဝင်စားစရာဖြစ်ပါတယ်။ ဒီလိုခရီးစဉ်ဒေသတွေကို ဖော်ထုတ်ပြီး ရေရှည်တည်တံ့တဲ့ခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်ကြမယ်ဆိုရင် အကျိုးအမြတ်များစွာရရှိစေမှာဖြစ်သလို ကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်ဖို့ ခရီးသွားလုပ်ငန်းက စတင်နိုင်မယ်လို့ မျှော်လင့်မိပါတယ်။ ။

## တန့်ယန်းမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**တန့်ယန်း ဇူလိုင် ၁၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာနှစ်ရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တန့်ယန်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်လွင်နှင့် တာဝန်ရှိသူများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင်များနှင့်အတူ လွယ်စန့်ကျေးရွာ၊ မန်ပိန်းကျေးရွာများတွင် ကျေးလက်ရေရရှိရေးအတွက် အရှည် ၆ ဒသမ ၅ ဖာလုံရှိ နှစ်လက်မ ရေပိုက်လိုင်း သွယ်တန်းခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။



လွယ်စန့်ကျေးရွာနှင့် မန်ပိန်းကျေးရွာများ၌ အဆိုပါကျေးလက်ရေရရှိရေးလုပ်ငန်းကို ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ပံ့ပိုးရန်ပုံငွေနှင့် ပြည်သူထည့်ဝင်ငွေကို အသုံးပြုကာ ခရိုင်/မြို့နယ် ဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများက ဇွန်လပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းအားလုံးရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပါက ကျေးရွာများရှိ ကျေးလက်နေပြည်သူများ ရာသီမရွေး သန့်ရှင်းသော သောက်ရေ/ သုံးရေများ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

## သာစည်မြို့နယ် မြင်းဒိုက်-ကမ္ဘာ့နီလမ်းပိုင်း၌ လုပ်ငန်းဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး



**သာစည် ဇူလိုင် ၁၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ဇူလိုင် ၁၂ ရက်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၇၀ ဒသမ ၁၆ သန်းဖြင့် မြင်းဒိုက်-ကမ္ဘာ့နီလမ်းပိုင်း လမ်းအရှည် ၀ ဒသမ ၃၉၆ ကီလိုမီတာအား တောင်ပြိုမြေ ဖယ်ရှားခြင်းနှင့် ဖို့မြေ/ ဖြတ်မြေလုပ်ငန်း ဆောင်ရွက်ခြင်း လုပ်ငန်းများကို IM Group ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး အဆိုပါလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်နှင်းနှင်းအိလှိုင်တို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❏ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## မအူပင်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုနည်းသင်တန်းဖွင့်ပွဲကျင်းပ

**မအူပင် ဇူလိုင် ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲအား ယနေ့နံနက်ပိုင်းက မအူပင်မြို့တိုးရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မအူပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်က အမှာစကားပြောကြားသည်။ သင်တန်းတွင်မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်ကို ပြန်လည်ထုပ်ပိုး သိမ်းဆည်းပုံများအား လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ သင်ကြားပေးသွားမည်ဖြစ်ပြီး မအူပင်မြို့နယ်အတွင်းရှိ မဲရုံများတွင် မဲပေးစက်ကိုင်တွယ်မည့် မဲရုံအဖွဲ့ဝင် သင်တန်းသား သင်တန်းသူ ၁၄၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နှစ်ရက်တာကာလဖြစ်ကြောင်း သိရသည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**



■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေး ခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲမတိုင်မီ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း တရုတ်နိုင်ငံ၌ ခြေစမ်းပွဲ သုံးပွဲကစားမည်

**ရန်ကုန် ဇူလိုင် ၁၄**

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၅ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ မတိုင်မီ တရုတ်နိုင်ငံသို့ ခြေစမ်းခရီးစဉ် သွားရောက်မည်ဖြစ်ပြီး ခြေစမ်းပွဲ သုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့် အနေဖြင့် ဇူလိုင် ၁၉ ရက်မှ ၃၀ ရက်အထိ တရုတ်နိုင်ငံ၌ သွားရောက်လေ့ကျင့်မည်ဖြစ်ပြီး တရုတ်ယူ-၂၀ အသင်း၊ တရုတ်အမျိုးသမီးကလပ်အသင်း အပါအဝင် ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ခြေစမ်းပွဲများအဖြစ် ဇူလိုင် ၂၃ ရက်၊ ၂၆ ရက်တွင် တရုတ်ယူ-၂၀ အသင်း၊ ဇူလိုင် ၃၀ ရက်တွင် တရုတ်အမျိုးသမီးကလပ်ချောင်ချွန်အသင်းတို့နှင့် ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာရှဖလားအမျိုးသမီး ခြေစစ်ပွဲအပြီးတွင် ရက်ပိုင်းသာအနားယူကာ ပြန်လည်လေ့ကျင့်လျက်ရှိပြီး ဒဏ်ရာကြောင့် အာရှဖလား ခြေစစ်ပွဲ လွဲချော်ခဲ့သည့် အသင်းခေါင်းဆောင် ခင်မာလာထွန်းလည်း ပဏာမလူစာရင်းတွင် ပြန်လည်ပါဝင်လာသည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ပဏာမကစားသမား ၃၀ ကျော်ဖြင့် လေ့ကျင့်နေပြီး တရုတ်ခြေစမ်းခရီးစဉ်သို့ ကစားသမား ၂၄ ဦး ခေါ်ဆောင်သွားမည်ဖြစ်ကာ အာဆီယံပြိုင်ပွဲအတွက် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်ရမည်ဖြစ်သည်။



အာရှဖလား အမျိုးသမီးခြေစစ်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း ယှဉ်ပြိုင်စဉ်။

၂၀၂၅ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲကို ဩဂုတ် ၆ ရက်မှ ၁၉ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အသင်းစုစုပေါင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကာ အုပ်စု (က) တွင် အိမ်ရှင်ဗီယက်နမ်၊ ထိုင်း၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ အုပ်စု (ခ) တွင် လက်ရှိချန်ပီယံ ဖိလစ်ပိုင်၊ မြန်မာ၊ သြစတြေးလျ၊ တီမောအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၇ ရက်တွင် သြစတြေးလျအသင်း၊ ဩဂုတ် ၁၀ ရက်တွင် တီမောအသင်း၊ ဩဂုတ် ၁၃ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**မောင်ညီ၊ ဓာတ်ပုံ-သော်ကြီး**

## ပြည်သူ့ကြားကပြည်သူ့စကားအစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားကပြည်သူ့စကား” အစီအစဉ်မှ **“ဒလန်၊ သတင်းပေး၊ သူလျှိုစတဲ့ စွပ်စွဲချက်မျိုးစုံနဲ့ ပြည်သူနဲ့ နိုင်ငံ့ဝန်ထမ်းများစွာကို သတ်ဖြတ်နေတဲ့ NUG လက်အောက်ခံ အကြမ်းဖက် PDF အဖွဲ့”** ခေါင်းစဉ်ဖြင့် ၁၆-၇-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“နိုင်ငံတကာသို့ သံတမန်ခြေလှမ်းသစ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ပခုက္ကူမြို့နယ်၌ ပုံဝိုင်းလောင်းကစားပြုလုပ်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီးခြောက်ဦးတို့အား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇူလိုင် ၁၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ဇူလိုင် ၁၃ ရက်က ပုံဝိုင်းလောင်းကစားပြုလုပ်သူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးခြောက်ဦးတို့အား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၃ ရက် ညနေ ၅ နာရီ ၁၀ မိနစ်တွင် ပခုက္ကူမြို့နယ် ပခုက္ကူမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် (၁၅)ရပ်ကွက် စကားဝါလမ်းအရောက်၌ ပုံဝိုင်းလောင်းကစားပြုလုပ်နေသည့် အဆိုပါရပ်ကွက်နေ နေဝင်း(၅၁)နှစ်၊ မာညို(၆၃)နှစ်၊ ချောစုလှိုင်(၄၃)နှစ်၊ မပေါက်(ခ) မူမူဇင်(၃၇)နှစ်၊ ထက်ထက်ဝေ(ခ)ထက်ထက်အိ(၃၃)နှစ်၊ (၉)ရပ်ကွက်နေ လဲ့လဲ့မော်(၃၉)နှစ်နှင့် (၁၄)ရပ်ကွက်နေ ခင်သန်းတင့်(၄၇)နှစ်တို့ ခုနစ်ဦးအား လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် မင်းသား/မင်းသမီးပုံ ၂၄ ပုံပါ ဗီနိုင်းတစ်ချပ်နှင့် ပုံဝိုင်းလောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် နေဝင်းပါ ခုနစ်ဦးအား ပခုက္ကူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြို့နယ်အသီးသီး၌ လိုင်စင်မဲ့ဆိုင်ကယ်များ လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဇူလိုင် ၁၄**

မြို့နယ်အသီးသီး၌ ဇူလိုင် ၁၃ ရက်က လိုင်စင်မဲ့ဆိုင်ကယ်များ လက်ဝယ်ထား စီးနင်းသူများအား ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၃ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လက်ဝယ်ထားစီးနင်းသူ အမှတ်(၁၀)ရပ်ကွက်နေ စန္ဒာဝင်း(၂၄)နှစ်နှင့် ရွှေစင်ဝင်း(၂၅)နှစ်တို့အားလည်းကောင်း၊ အလားတူ စစ်ကိုင်းမြို့အတွင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ အမရပူရမြို့နယ် ဥယျာဉ်ကျေးရွာနေ ဌေးဝင်း(၄၇) နှစ်နှင့် စစ်ကိုင်းမြို့ မန်ကျည်းစဉ်ရပ်ကွက်နေ အာကာဟိန်း(၂၁)နှစ်တို့အားလည်းကောင်း။

ထို့အတူ မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ မော်လမြိုင်မြို့ ဘိုကုန်းရပ်နေ အောင်ပြည့်စုံ(၃၀)နှစ်နှင့် ဝွေးကုန်းရပ်ကွက်နေ စိုးဝင်း(၄၀)နှစ်တို့အားလည်းကောင်း၊ အလားတူ ဘီးလင်းမြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ဘီးလင်းမြို့ ဗိုလ်တေဇရပ်ကွက်နေ ဘိုသင်း(၄၉)နှစ်အားလည်းကောင်း။

အလားတူ သထုံမြို့နယ်အတွင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ သထုံမြို့နယ် နောင်ကုလားပန်တိမ်ရွာနေ နေတိုး(၂၁)နှစ်နှင့် ပုတိန်ရိုးကျေးရွာနေ လိန်းနိုင်း(၄၈)နှစ် တို့အားလည်းကောင်း၊ အလားတူ ရေးမြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူ ရေးမြို့ အဏ္ဏဝါရပ်ကွက်နေ ဝဏ္ဏာထွန်း(၃၃) နှစ်အား လည်းကောင်း သက်ဆိုင်ရာရဲစခန်းများ၌ ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၈ ဖြင့် အသီးသီးအမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာ၌ တရားမဝင် အခြားသစ် ၃ ဒသမ ၉၈၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၂၀၀၀)ကို ဖမ်းဆီးရမိပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၁ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၆၁၁၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၇၆၁၁၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ တကောင်းရပ်ကွက်ရှိ ဇက်ဆိပ်၌ တရားဝင်သယ်ဆောင်ခွင့် အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀) ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်သယ်ဆောင်ခွင့် အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ယစ်မျိုးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၃ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ခုနစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၄၃ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

၂၀၂၅ ခုနှစ် ဇူလိုင် ၁၂ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၄၉၃၆၀၀) ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိက အဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ် များစွာဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**




*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။


## အမှန်ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၇-၂၀၂၅ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃၀)တွင်ပါရှိသော အထက်တန်းရှေ့နေ ဒေါ်ဂျူလိုင်မိုး၏ ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ဦးလှရွှေ အမည်ပေါက်အစား ဦးလှစိုး အမည်ပေါက်ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

မိုင်းရှူးမြို့နယ်၊ အထက(ဝမ်ကန်) Grade-11မှ မိုးနှင်းဆီ၏ ဖခင်အမည်မှန်မှာ ဦးသက်ဇော်ဦး ၉/မကန(နိုင်)၁၀၁၇၇၇ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

လွိုင်ကော်မြို့၊ အထက(၁) Grade-7မှ မောင်လျှမ်းထက်အောင်နှင့် Grade-8 မှ မသွန်းသီရိအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးသီဟလွင် ၅/ခဥတ(နိုင်)၀၈၅၇၁၈ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် TLR/9150 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၁)ရပ်ကွက်၊ စက်သစ်ရပ်၊ မြပုဏ္ဏမာလမ်း၊ အိမ်အမှတ် (၁၂/ခ) နေ ဦးမျိုးမြင့်အောင် ၁၀/မဒန(နိုင်)၀၃၀၁၀၅နှင့် ဒေါ်ခင်ထွေးကြည် ၁၀/မဒန(နိုင်)၁၀၅၆၃၂တို့၏သားဖြစ်သူ မောင်ကြည်ငြိမ်းသန့် ၁၀/မဒန(နိုင်)၂၆၁၉၉၀သည် မိဘတို့၏ဆိုဆုံးမမှုကို လက်မခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုမူနေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**မိဘ- ဦးမျိုးမြင့်အောင်-ဒေါ်ခင်ထွေးကြည်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဟ/၃၁၇၃ ယာဉ်လက်ဝယ်ရှိသူ ဦးစန်းလင်းမောင် ၁၀/မလမ(နိုင်)၂၈၈၂၀၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/69719, Thai Anbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီဝင်း ၉/ခမစ(နိုင်)၀၄၅၅၅၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/55495, New Aibo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၉/အမရ(နိုင်)၀၆၂၄၂၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ကျွန်းသာယာ ရပ်ကွက်၊ မြေတိုင်းအမှတ် (၂-A )၊ မြေကွက်အမှတ် (၂၆က)၊ မြေဧရိယာ (၀ဒသမ ၂၀၈)ဧကရှိ မြေအား ဒေါ်လှမြင့်၊ ဦးစိန်ဝင်း(ခ)ဦးမျိုးဝင်း၊ ဦးလှဝင်း၊ ဒေါ်ခင်လေးသက်မှ သက်တမ်းတိုးအမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက သက်တမ်းတိုးအမည်ပြောင်းမြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပဲခူးမြို့**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ပလိပ်မြို့၊ သရက်ချောင်ရပ်ကွက်နေ ဒေါ်လှယမင်းမြတ် (ဘ)ဦးသက်နိုင် ၉/စကတ (နိုင်) ၁၀၄၀၆၇၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ ၊ ဘောဂဝတီရပ်ကွက်၊ ပေါက်တောရပ်၊ အကွက်အမှတ်(၁၃)၊ ဦးပိုင်အမှတ်(၇၄) ၏ အစိတ်အပိုင်း ဦးမြကျော်အမည်ပေါက် အတွင်းရှိ ဦးထွန်းထွန်းပိုင်ဆိုင်သည့် အိမ်အမှတ်(ဘ၀-၃၆၄)တောင်မြောက်(၁၅)ပေ၊ အရှေ့အနောက်(၇၈)ပေ အကျယ်ရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အာစီသုံးထပ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးထွန်းထွန်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှယမင်းမြတ်က ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးရန်မျိုးအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၇၄၃)**

**ဒေါ်အိရွှေစင်ဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၈၂၈)**

**ရန်ကင်းသာယာ(၃)လမ်း၊ ရန်ကင်းသာယာရပ်ကွက်၊ ပုသိမ်ကြီးမြို့။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ရဇ္ဇဝတီလမ်း၊ မြေကွက်အမှတ်(၈၀) ၊ မြေကွက်အမည်(စောစီရပ်ကွင်း)၊ မြေပုံညွှန်းအမှတ် (20° 45' 11.30'' N 97° 02' 52.27'' E)၊ (UTM)မြေပုံညွှန်းအမှတ် (47Q 296754, 2296054) (ရှေ့နောက်-(၄၀ x ၆၀)ပေ၊ တောင်မြောက်(၄၀ x ၆၀)ပေရှိ အိမ်ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး လိုအပ်သလို စီမံခန့်ခွဲရောင်းချပိုင်ခွင့်အပြည့် အဝရှိကြောင်း ဝန်ခံကတိပြုသူ ဦးအေးကို(ခ) ဗိုလ်မှူးအေးကို ၁၂/မဂဒ(နိုင်)၀၁၆၄၇၄ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်မေသူအောင်နိုင် ၉/ပဥလ(နိုင်)၀၄၂၀၃၉သည် အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေက ရောင်းကြေးငွေအပြေအကြေ ပေးချေပြီးဖြစ်၍ ယင်းအိမ် ခြံမြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူဖြစ်ပြီး အရောင်းအဝယ် နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူ မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်စေ့ကုန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြုလုပ်ထားသည့် မြေကွက်အား သက်ဆိုင်ရာ ဌာနဆိုင်ရာသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်နန်းရွှေစင်မိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၂၀)**
**ဖုန်း-၀၉-၉၇၆၆၁၀၃၇၅**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၇-၆-၂၀၂၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၆)ပါ စစ်ကိုင်းခရိုင် တရားရုံးတော် ကြော်ငြာတွင် **တရားမကျင့်ထုံး ဥပဒေအမိန့်** -၂၀ အစား **တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## အမည်မှန်

(ဘ)ဦးထွန်းဝင်း၏သားဖြစ်သူ တနသ်ာရီမြို့၊ အထက(တနသ်ာရီ)ကျောင်း GRADE-8 မှ မောင်စူပါလင်း၏ အမည်မှန်မှာ မောင်ဝေယံထွန်း ဖြစ်ပါကြောင်း။

**မောင်ဝေယံထွန်း**

## အများသိစေရန် ကြော်ငြာခြင်း

တောင်ကြီးမြို့၊ ဖာမွန်းကျေးရွာအုပ်စု၊ ရေဖြူကျေးရွာနေ ဒေါ်နန်းလွမ် ၁၃/တကန(နိုင်)၁၂၇၄၀၁၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြော်ငြာအပ်ပါသည်-

ကျွန်ုပ်၏ အမှုသည် ဒေါ်နန်းလွမ်နှင့် ဦးလှအောင် တို့သည် ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းနှင့်အညီ(၂၀၁၁)ခုနှစ်က တရားဝင် လင်မယားအဖြစ်ပေါင်းသင်းခဲ့ပြီး ဦးလှအောင်အား တရားမကြီးမှုအမှတ် ၄၈/၂၀၁၇ဖြင့် လင်မယားကွာရှင်းပေးစေလိုမှုတွင် တရားဝင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲကြောင်း (၂၂-၁၂-၂၀၁၇)ရက်တွင် အမိန့်ချမှတ်ခဲ့ပါသည်။ ဒေါ်နန်းလွမ်နှင့်ဦးလှအောင်တို့ လက်ထပ်ပေါင်းသင်းစဉ်က ဒေါ်နန်းလွမ်ပိုင်ဆိုင်သော တောင်ကြီးမြို့၊ ဖာမွန်းကျေးရွာအုပ်စု၊ ရေဖြူကျေးရွာအတွင်းရှိ ဒေါ်နန်းလွမ် ဝိုင်မြေပေါ်တွင် နှစ်ထပ်အုတ်တကက်အိမ်အမှတ်(ထဗ-၅၁)အိမ်အား လက်ထပ်ပွားအဖြစ် ကျန်ရှိခဲ့ပါသည်။ ဦးလှအောင်မှ (၂၄-၆-၂၀၂၅)ရက်တွင် ကွယ်လွန်သွားပြီး လက်ထပ်ပွားပစ္စည်းအား ဒေါ်နန်းလွမ်မှ ခွဲဝေရယူခဲ့ရခြင်း မရှိသေးပါ။

အထက်ပါ အိမ်နှင့်မြေအား ဒေါ်နန်းလွမ်ပိုင်ဆိုင်သော မြေနှင့်အိမ်ဖြစ်သဖြင့် ဒေါ်နန်းလွမ်၏ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ကျူးကျော်နေထိုင်ပါက တည်ဆဲတရားဥပဒေအရ တရားစွဲဆိုမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်အိအိမိုး(LL.B) တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉-၉၄၅၁၅၆၅၆၆**

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ အကွက်အမှတ်(၆-က)၊ အကွက်အမည်-ကန်ဖျားကွင်း၊ ဦးပိုင်အမှတ် -၂၀၊ ဧရိယာ၀ဒသမ ၁၇၈ဧကကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဒေါ်လှလှမွန်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဩဂုတ်လ ၇ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊မြိတ်မြို့**

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ရွှေပေးရွာ၊ အေးချမ်း သာလမ်း၊ အိမ်နံပါတ်-၁၈၄နေ ဦးဇော်နိုင်နှင့် ဒေါ်မိုးမိုးစမ်းတို့ ပိုင်ဆိုင်သော ကွင်းအမှတ် ၂၄၈၊ ကွင်းအမည်-ရွှေပေးကွင်း၊ ဦးပိုင်အမှတ် ၄/၁၉၊ မြေဧရိယာ ၀.၁၁ဧကရှိ မြေကွက်၏ အရောင်းအဝယ်စာချုပ်နှင့် မြေပုံစံ-၇ မူရင်းတို့မှာ ၁၃-၇-၂၀၂၅ရက်တွင် အခိုးခံရပြီး ပျောက်ဆုံးသွားပါသဖြင့် သက်ဆိုင်ရာ ဌာနများတွင်လည်း သတင်းပေးပို့ ဆောင်ရွက်ထားပြီးဖြစ်ပါ၍ ဦးဇော်နိုင်နှင့် ဒေါ်မိုးမိုးစမ်းတို့မသိရှိဘဲ အထက်ဖော်ပြပါ မြေကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်းများ မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်နိုင်-ဒေါ်မိုးမိုးစမ်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/4594 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင့်တင့်ချို ၇/တငန(နိုင်)၀၁၅၀၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/1295 ယာဉ်လက်ဝယ်ရှိသူ ဦးစူနီလ်ကူမား ၇/ဖမန(နိုင်)၁၉၄၄၀၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(တောင်ငူ)**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးဖေစိန်၏သား မောင်ဇင်မင်းထိုက် (၉/ကပတ(နိုင်) ၁၆၉၅၅၇) ၏ နိုင်ငံကူးလက်မှတ် (MF022843) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း (၀၉- ၄၀၀၄၇၂၁၅၈)**

## အမည်မှန်

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်ကွက်တွင် နေထိုင်သော မင်းဇာနည်ဦး၏သား ပါရမီ ကိုယ်ပိုင် အထက်တန်းကျောင်း (Grade-3 )တွင် ပညာသင်ကြားနေသူ၏ အမည်မှန်မှာ မင်းထောမွန်အောင်ရော့ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

သထုံမြို့နယ်၊ အထက(၄) သထုံမှ (၂၀၂၄-၂၀၂၅) ပညာသင်နှစ် (Grade- 12) တန်းခွဲ (B)မှ မဆုယမင်း၏ မိခင်အမည်မှန်မှာ ဒေါ်ဖြူဖြူသက် ၁၀/သထန (နိုင်) ၂၁၆၁၂၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးမြို့၊ လင်းရောင်သစ်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-7မှ မဝင်းလင်းလင်းထက်၏ ဖခင်အမည်မှန်မှာ ဦးလင်းဟိန်း ၁၀/မလမ(နိုင်)၁၄၆၆၉၆ ဖြစ်ပါကြောင်း။

**ဦးလင်းဟိန်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၁ ရပ်ကွက်၊ ၁၂ လမ်း၊ အမှတ် ၄၆၀/ခ ဟု ခေါ်တွင်သည့် ၁ ခန်း တည်း ၆ ထပ်၏ တတိယထပ် (၄) လွှာ၊ ခန့်မှန်းအကျယ်(၁၈'x၅၄')ရှိ တိုက်ခန်းနှင့် တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ခွဲဝေရရှိ၍ မိမိတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဟဝန်ခံကတိပြုသူ (ကန်ထရိုက်တာ) ဦးအေးထွန်း (၁၂/ဥကမ(ပြု)၀၀၀၈၂၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ထွဋ်ဂုဏ် (၁၁/သတန(နိုင်)၁၀၆၇၂၃) သည် (ကြိုပ္ပိုင့်စနစ်ဖြင့်)အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည့် မည်သူမဆို တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ် အား ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသန့်(LL.B) (C.B.L) အထက်တန်းရှေ့နေ (စဉ် - ၄၅၇၀၅)**
**အမှတ် ၁၄၅၁၊ သီပေါလမ်း၊ ၅၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်၊ ဖုန်း - ၀၉၇၇၇၁၉၇၇၁၀၆၄**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/6461 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ်(၄၈၄/ခ)၊ မြေကွက်တည်နေရာအမှတ်(၄၈၄/ခ)၊ သီဟသူ(၁၁) လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်လှ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား AA-094550 အမည်ပေါက် ဒေါ်လှမြေကွက်အား ဦးဝင်း(ဖခင်)နှင့် ဒေါ်လှ(မိခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်အေးမိ(ခ)ဒေါ်လှလှဝင်း ၁၂/ဥကတ(နိုင်)၀၁၄၈၂၇၊ ဒေါ်စန္ဒာဝင်း ၁၂/ဥကတ(နိုင်) ၀၁၄၈၂၉တို့မှ သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၈၀၉/၂၀၂၅(၃၀-၅-၂၀၂၅)၊ ဂရန်၊ နိုင်ကတ်များ၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဒေါ်ထက်ထက်အောင်(ဘ) ဦးစိန်တင် ၉/လဝန(နိုင်)၃၃၃၆၂၈၊ လယ်ဝေးမြို့နယ်၊ နေပြည်တော်နေသူမှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်မ ဒေါ်ထက်ထက်အောင် နှင့် ဦးဟန်ထူးဇော် (ဘ) ဦးမောင်သက် ၉/ဝတန(နိုင်)၁၉၅၀၀၇၊ ဝမ်းတွင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး နေသူတို့သည် ၂၀၁၇ ခုနှစ်ခန့်မှစ၍ အကြင်လင်မယားအဖြစ်ပေါင်းသင်း နေထိုင်ခဲ့ကြပြီး သားသမီး ထွန်းကားခဲ့ခြင်းမရှိပါ။ ယခုအခါတွင် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း မတိုက်ဆိုင်သည့်အတွက် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် (၁၀.၇.၂၀၂၅)ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို အသိသက်သေ လူကြီးများ၏ ရှေ့မှောက်၌ လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်းတို့ လုံးဝမပြုလုပ်တော့ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ထက်ထက်အောင်**
**၉/လဝန(နိုင်)၃၃၃၆၂၈**

## ကန့်ကွက်နိုင်ပါကြောင်း

ကျိုင်းတုံမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဈေးတန်းကြီးရပ်နေ ဦးအိုက်ပေါင်း၏သမီးဖြစ်သူ ကျွန်မ မရွှေလှ (ခ) မလီလီ ၁၃/ကတန(နိုင်)၀၈၆၉၁၈ ပိုင်ဆိုင်သော ကျိုင်းတုံမြို့၊ ကတ်ဖကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်( ကွင်းပြင်)၊ ဦးပိုင်အမှတ်(၁၅၂)၊ ဧရိယာ(၂ဒသမ၀၂)ဧကရှိ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (လယ်ယာမြေပုံစံ-၇)စာအုပ်မှာ နေအိမ်ပြောင်းရွှေ့ရာမှ ပျောက်ဆုံးသွားပါသဖြင့် (လယ်ယာမြေပုံစံ-၇)စာအုပ်မိတ္တူမှန် ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် အထောက်အထားများနှင့်အတူ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မရွှေလှ(ခ)မလီလီ ၁၃/ကတန(နိုင်) ၀၈၆၉၁၈**

## ကြော်ငြာစာ

### ( အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ - ၂၈၃ )

### ကျောက်ဆည်ခရိုင်တရားရုံးတော်

### ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၃၈

**ကွယ်လွန်သူ ဦးလှမြင့်၏ ကျန်ရစ်သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ပြည်လုံးနိုင်ရပ်ကွက်တွင်နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးလှမြင့်၏ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခတီဂျာဘီဘီက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလကွယ် ၁၅ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးလှမြင့်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၅ခုနှစ်၊ ဇူလိုင်လ ၂၄ရက်( ၁၃၈၇ခုနှစ်၊ ဝါဆိုလကွယ် ၁၅ ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာမထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ-၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဒေါ်ခတီဂျာဘီဘီ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်သီတာထွန်း)**
**ခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ မြိတ်တောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၃၆) အိုးလုပ်ပြင်ကွင်း၊ ဦးပိုင်အမှတ်(၄၀)၊ မြေဧရိယာ ၁ဒသမ ၀၀ကေအား မြေငှားဂရန်အမှုတွဲအမှတ်၊ ၂၆/၂၀၂၃-၂၀၂၄အရ ဒေါ်ကျင်အေးအမည်ဖြင့် ရရှိခဲ့ပြီး မူလဂရန်အမည်ပေါက်သူထံမှ အရောင်းအဝယ် စာချုပ်အမှတ်(၁၂၄/၂၀၂၅) ဖြင့် ဦးကျော်သူနိုင်မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေငှားဂရန်အား (အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးကျော်သူနိုင် ၆/ပလန(နိုင်)၀၅၁၆၈၄မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၃၀ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## မွေးသက္ကရာဇ်အမှန်

(ဘ)ဦးတင်လှ၏သမီး ဖြစ်သူ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနမှ စာရင်းကိုင်-၁ ဒေါ်အေးအေးရီ ၆/မအရ(နိုင်)၀၃၂၅၀၄ ၏ မွေးသက္ကရာဇ်အမှန်မှာ အလုပ်ဝင်ရောက်မှု မှတ်တမ်းပါစာအုပ်အရ ၂၉-၅-၁၉၆၅ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ အထက (ထီဆိပ်ဘုရားစု)၊ G-10မှ မောင်မြတ်ကိုကို၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း ၁၄/မမက(နိုင်) ၁၉၈၀၇၁ ဖြစ်ပါကြောင်း။

**ဦးဇော်ဝင်း**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၅)ရပ်ကွက်၊ သုမန(၁)လမ်း၊ အမှတ်-၃၄၉၊ စတုတ္ထထပ်(၅)လွှာတိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းထွဋ်သူ ၁၀/မလမ(နိုင်)၂၃၅၇၄၀ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးဝေယံဦး ၁၂/ဗတထ(နိုင်)၀၃၇၄၈၁၊ ဒေါ်မို့မို့သန်း ၉/ပဥလ(နိုင်) ၀၂၂၄၉၅တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** — **ဒေါ်ခင်စောသိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)**
**ဒေါ်သိမ့်သဥ္စလီ(LL.B,LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၈၈၇)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၄)ရပ်ကွက်၊ မြေတိုင်းအမှတ်(၈ )၊ မြေကွက်အမှတ်(၄၅၈)၊ မြေဧရိယာ(၀ဒသမ၀၆၂)ကေရှိမြေအား ဒေါ်နွေးနွေးသန့် မှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ကျွန်းသာယာရပ်ကွက်၊ မြေတိုင်းအမှတ်(၂-G)၊ မြေကွက်အမှတ် (၂၈ဃ+၃၀ဃ+၃၂ဃ+၃၄ဃ)၊ မြေဧရိယာ(၀ဒသမ၁၈၄)ကေရှိမြေအား ဒေါ်စန်းငွေမှ သက်တမ်းတိုးအမည်ပြောင်းမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့် ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက သက်တမ်းတိုးအမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ရုံးကြီးရပ်၊ အကွက်အမှတ်-၁၅ဒီ၊ ဦးပိုင်အမှတ်(၆၃)၊ ဧရိယာ(၀ဒသမ၁၂၁)ကေရှိ အရှေ့လားသော်-ဦးပိုင်အမှတ်(၆၅)၊ အနောက်လားသော်(၃၂)လမ်း၊ တောင်လားသော်-ဦးပိုင်အမှတ်(၆၄)၊ မြောက်လားသော်-ဦးပိုင်အမှတ် (၆)မြေကို ဒေါ်မြတ်မြတ်သန့်မှ ဘိုးဘပိုင်မြေကို အမည်ပြောင်းပေးရန် လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထား ခိုင်လုံစွာဖြင့် (၂၆ -၇-၂၀၂၅)ရက် နောက်ဆုံးထားကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပဲခူးမြို့နယ်မြေစာရင်းဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ သွန်းဘုရားရပ်၊ အကွက်အမှတ်(၈)၊ ဦးပိုင်အမှတ် (၇၆ခ)၊ ဧရိယာ(၀.၀၂၆)ကေရှိ အရှေ့လားသော်-ဦးပိုင်အမှတ် (၇၁ခ)၊ အနောက်လားသော်-ဦးပိုင်အမှတ်(၇၅ခ)၊ တောင်လားသော်-ဦးပိုင်အမှတ်(၇၆က)၊ မြောက်လားသော်-ဦးပိုင်အမှတ် (၇၇)မြေကို ဦးအောင်သိန်းနိုင်-ဒေါ်ဖြူဖြူသင်းမှ ဘိုးဘပိုင်မြေကို အမည်ပြောင်းပေးရန် လျှောက်ထားလာမှုနှင့် ပတ်သက် ၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ၂၆-၇-၂၀၂၅ရက် နောက်ဆုံးထားကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပဲခူးမြို့နယ်မြေစာရင်းဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၈/မစိုးရိမ်အရှေ့၊ ဦးပိုင်အမှတ်(၉စ/၁)၊ ဧရိယာ(၀.၆၇၇)ကေရှိ ဦးကြွယ်(ပါ)၂-ဦး အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဘီလစ် ဦးကျော်ခိုင် ၉/ပမန(နိုင်) ၀၄၁၉၉၃ မှ ပျဉ်းမနားမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် (၁၄၄/၂၀၁၈)၊ တရားမဇာရီမှုအမှတ်(၂၂/၂၀၁၉)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဦးပိုင်အမှတ်(၉စ/၁)၊ ဧရိယာ(၀.၆၇၇)ကေအနက်မှ ဧရိယာ(၀.၂၀၅)ကေအား ဦးကျော်စိုးမင်း ၉/ပမန(နိုင်)၀၉၂၃၅၈နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်းကျေးရွာ၊ သဃ်န်းကျွန်းအုပ်စုကွင်း၊ ကွင်းအမှတ်-(၅၃၂-စီ/၈)၊ ကွင်းအမည်(မုန်နီဇလုပ်တောင်)၊ ဦးပိုင်အမှတ်(N/၃၂) ၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ သံလွင်လမ်း၊ (၉၆ x ၂၀၀) ပေအကျယ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီးလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးမြင့်စိန် ၁၂/အလန(နိုင်)၀၁၇၃၅၁မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သော ဦးခင်မောင်နွဲ့ ၁၁/မဥန(နိုင်)၀၉၃၃၂၄၊ ဦးအေးမင်းထွန်း ၅/ကလထ(နိုင်)၁၃၀၇၅၀ကလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း တိကျခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သက်သက်မွန်** — **ဦးသုထက်ကျော်လွင်**
**တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေ**
**(စဉ်-၁၀၆၀၅/၂၀၁၅)** — **(စဉ်-၄၉၅၀၂/၂၀၁၈)**
**တိုက် (၄)၊အခန်း (၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြင်း)၊**
**(၈)မိုင်မီးပွိုင့်အနီး၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉ - ၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် AYY/05151, TURBO STAR-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ကလျာလှိုင် ၁၄/ပသရ(နိုင်) ၁၁၄၅၃၈ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၅ယ/၈၆၀၆၁, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါမိုး ၆/မမန(နိုင်) ၂၁၃၄၈၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၈၀၆၅၃, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၆/ကစန(နိုင်) ၀၂၅၉၃၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၃၂၄၃၉, Honda Click 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသော်မော်ဦး ၆/မမန(နိုင်)၁၆၅၃၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/33428, Honda C90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ဝင်း ၅/မရန(နိုင်)၀၀၉၆၀၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(မုံရွာမြို့)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၃)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/ပေဖူးရပ်)၊ ဦးပိုင်အမှတ်၃(ဃ-၂)၊ မြေဧရိယာ(၀ဒသမ၅၀၈)ကေရှိ ဦးသီအေး(ဘ)ဦးအေးမောင် ၉/လဝန(နိုင်) ၁၁၇၈၁၁နှင့် ဒေါ်ဖြူဖြူမြင့်(ဘ)ဦးခင်ဝင်း ၉/တကန(နိုင်) ၀၁၇၀၈၁အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဦးသီအေး၊ ဒေါ်ဖြူဖြူမြင့်တို့မှ နှစ်(၃၀) မြေငှားစာချုပ်သည် သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပါသောကြောင့် မြေငှားစာချုပ်မူရင်း တင်ပြပြီး မြေငှားစာချုပ်သက်တမ်းတိုးမြှင့်ပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်သက်တမ်းတိုးမြှင့်ပေးပါရန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်ရှိ အောက်ဖော်ပြပါနေရာများတွင် မြေငှားဂရန်(အမည်ပြောင်း/သက်တမ်းတိုး/အသစ်)လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူအမည် | မူလအမည်ပေါက်သူ | ကွင်းအမှတ်/အမည် | ဦးပိုင်အမှတ် | ဧရိယာ | ရပ်ကွက်/အုပ်စု | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်စုလှိုင်အောင် | ဦးခင်မောင်ကြည်၊ ဒေါ်ရီရီမြင့်၊ ဒေါ်ရီရီချို | ၁၀C/ဆင်စုအကွက် | ၂၁၈က | ၀ဒသမ၀၂၉ | ဆင်စု | ပြောင်း |
| ၂ | ဒေါ်အေးမြင့်သန်း၊ ဒေါ်ညွန့်ညွန့်သန်း | ဦးခင်ရွှေ | ၉D/ဆံတော်အနောက်အကွက် | ၃၈က | ၀ဒသမ၀၄၂ | ဆံတော် | ပြောင်း/တိုး |
| ၃ | ဒေါ်အေးအေးဝင်း | ဒေါ်ထွေးရီ | ၁၄/အောင်ဆန်းအပိုင်း(၁) | ၁၀၅၊ ၁၀၆က | ၀ဒသမ၀၈၂ | ပြည်သာယာ | ပြောင်း |

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်မြို့**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း ကြေညာခြင်း

(၃၀-၉-၂၀၁၁)ရက်တွင် ကျွန်တော် ဦးကြည်လွင် ၁၂/ရကန(နိုင်) ၀၆၃၉၇၃(ကပ-၅၅၆၉၀၉)မှ ဒေါ်စန္ဒာဝင်း ၁/မကန(နိုင်) ၀၅၁၃၇၀သို့ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၇၅၉/၂၀၁၁)ကိုယနေ့(၁၅-၇-၂၀၂၅)ရက်မှ အပြီးအပိုင် ရုပ်သိမ်းကြောင်း ကြေညာလိုက်သည်။

**ဦးကြည်လွင် ၁၂/ရကန(နိုင်)၀၆၃၉၇၃**
**ဖုန်း-၀၉-၆၈၇၄၉၂၃၂၄**

## အမည်မှန်

မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်တွင် နေထိုင်သော မင်းထိန်လင်း၏သမီး အမှတ်(၁)အခြေခံပညာမူလတန်း ကျောင်း (Grade-4 ) တွင် ပညာသင်ကြားနေသူ၏ အမည်မှန်မှာ မိစင်ကြယ်ညိမ်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၂ရပ်ကွက်၊ မာလာ၃လမ်း၊ အမှတ်၄၉၊ မြေအကျယ် အလျား၂၀x၁၅ပေရှိ မြေနှင့် နှစ်ထပ်တိုက်အိမ်အား ပိုင်ရှင် ဒေါ်မိချို (၁၂/မရက(နိုင်)၁၈၄၉၃၄) ထံမှ ဝယ်ယူသူဒေါ်စန်းအိဖြူက အရောင်းအဝယ်စရန်ပေးစာချုပ်ဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည် စာရွက်အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စန်းအိဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုလဲ့သန္တာ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၂၀)**
**ဖုန်း-၀၉-၉၆၅၃၉၈၂၇၈**

## မွေးသက္ကရာဇ်အမှန်နှင့် ဖခင်အမည် တစ်ဦးတည်းဖြစ်ပါကြောင်း

သထုံမြို့နယ်၊ ကတိုက်ကလေးကျေးရွာနေ ကျွန်မ မပပခိုင် ၁၀/သထန(နိုင်)၁၀၆၄၅၉ ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၉-၅-၁၉၇၅)ဖြစ်ပြီး ဖခင်အမည် ဦးစိုးမြင့်(ခ)ဦးစိုးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမွေဆိုင်ဆွေမျိုးမိသားစုများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ဗိုလ်မိုးလမ်း၊ အမှတ်(၁၂)နေ ဦးဇော်လတ် ၁၂/လမတ(ပြု)၀၀၀၄၂၈၏ လွှဲအပ်ညွှန်ကြားချက်အရ အမွေဆိုင် ဆွေမျိုးမိသားစုများနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗဟိုစည်အိမ်ရာရှိ တိုက်အမှတ်(၄၅)၊ အခန်း(၁)၊ ပထမထပ်နေအိမ်တိုက်ခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၇)ရပ်ကွက်၊ အောင်ဇမ္ဗူလမ်း၊ အမှတ်(၁၄၈၅) ပေ ၁၀'x ပေ၆၀' အကျယ်အဝန်းရှိ မြေနှင့်အိမ်တို့သည် ကျွန်တော်ဦးဇော်လတ်နှင့် ဒေါ်အက်(ဂ်)နက်(စ်)မေရီပါ (၉)ဦး ဆွေမျိုးညီအစ်ကိုမောင်နှမ (၁၀)ဦးတို့က မိခင်ဒေါ်ယာဂမာ(လ်)၏ အမွေဆက်ခံသူများအဖြစ် ပိုင်ဆိုင်သော အမွေဆိုင်တိုက်ခန်းနှင့် အိမ်ခြံမြေတို့ ဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့် အိမ်ခြံမြေတို့မှာ အထက်ပါဆွေမျိုးမိသားစု ညီအစ်ကိုမောင်နှမ(၁၀)ဦးတို့က အမွေဆိုင်သူများဖြစ်ကြသဖြင့် ကျောက်တံတားခရိုင်တရားရုံးတော်တွင် တရားမကြီးမှုအမှတ်-၆၄/၂၀၂၅ဖြင့် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုထားပါသည်။

အထက်ပါတရားမကြီးမှုစွဲဆိုထားသည့် အမွေပုံစီမံခန့်ခွဲပေးစေလိုမှု မပြီးပြတ်မီကာလအတွင်း အမွေဆိုင်များထဲမှ တစ်ဦးတစ်ယောက်ကသော်လည်းကောင်း၊ အမွေဆိုင်အချို့ကသော်လည်းကောင်း၊ ကျန်အမွေဆိုင်များ သဘောတူခွင့်ပြုချက်မရှိဘဲ ဖော်ပြပါအမွေဆိုင်ပစ္စည်းများနှင့်စပ်လျဉ်း၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားနည်းဖြင့် စီမံခန့်ခွဲခြင်းမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်သူနှင့်လက်ခံသူတို့၏ တာဝန်သာဖြစ်ပါကြောင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အမွေဆိုင်မိသားစု ညီအစ်ကိုမောင်နှမများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဇော်လတ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင့်ရွှေ (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၉၃၄)**
**အမှတ်(၁၁၄၈)၊ ဖေယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း၊ ၀၉-၂၅၄၀၇၆၀၁၉၊ ၀၉-၇၈၈၁၀၀၃၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/70371, Honda C-90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ဝင်း ၅/မရန(နိုင်)၀၀၉၆၀၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(မုံရွာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/93053, Honda Click-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ပပအေး ၅/မရန(နိုင်)၀၂၇၅၉၈က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(မုံရွာမြို့)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်-မန္တလေး
## (၅၃)ကြိမ်မြောက်၊ (၅၄)ကြိမ်မြောက်နှင့် (၅၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား
## ပြန်လည်ကျင်းပမည့်ကြေညာချက်

၁။ ငလျင်ဒဏ်ကြောင့်ရပ်ဆိုင်းခဲ့သည့် ဆေးတက္ကသိုလ်-မန္တလေး၏ (၅၃)ကြိမ်မြောက်၊ (၅၄)ကြိမ်မြောက်နှင့် (၅၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားများကို အောက်ပါအစီအစဉ်အတိုင်း မန္တလေးမြို့၊ ရတနာပုံခန်းမတွင် ပြန်လည်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**ကျင်းပမည့်ရက်** - ၂၅-၇-၂၀၂၅ရက် (သောကြာနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၉နာရီ

၂။ (၅၃)ကြိမ်မြောက်၊ (၅၄)ကြိမ်မြောက်နှင့် (၅၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့ယူခွင့်ရရှိသည့် ဘွဲ့ရမောင်မယ်များသည် ကြေညာချက်ထုတ်ပြန်သည့်ရက်မှစ၍ (၁၈-၇-၂၀၂၅)ရက် နောက်ဆုံးထား၍ ဆေးတက္ကသိုလ်-မန္တလေး၊ ကျောင်းသားရေးရာဌာနစိတ်သို့ သတင်းပို့ဆက်သွယ်ရန် ဖြစ်သည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးတက္ကသိုလ်-မန္တလေး ကျောင်းသားရေးရာဌာနစိတ်၊ ဖုန်း-၀၂-၄၀၃၆၆၃၇၊ ၀၂-၄၀၃၉၀၅၀ သို့ ရုံးချိန် အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဆေးတက္ကသိုလ်-မန္တလေး**
**မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)
## ကျိုင်းတုံခရိုင်တရားရုံးတော်၌
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂

| | | |
|---|---|---|
| ၁။ဦးထက်လင်းအောင် | **နှင့်** | ၁။ ဒေါ်နန်းပင်း |
| ၂။ ဒေါ်မီဂါ | | ၂။ ဦးနန်ဆမ် |
| **တရားလိုများ** | | **တရားပြိုင်များ** |

ကျိုင်းတုံမြို့၊ ရပ်ကွက်(၂)၊ နမ့်ချက်ရပ်နေ ဒေါ်နန်းပင်းနှင့် ဦးနန်ဆမ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ကျိုင်းတုံမြို့၊ ရပ်ကွက်(၂)၊ နမ့်ချက်ရပ်နေ ဦးထက်လင်းအောင်နှင့် ဒေါ်မီဂါ က ကတိပဋိညာဉ်အတိုင်း မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၂ရက်(၁၃၈၇ခုနှစ်၊ ဝါဆိုလဆုတ် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီ တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

